
မောင်မေခ စီစဉ်သော
တောင်သမန်၏
တမ်းချင်း အလင်္ကာ
Win

# အခန်း(၁)

## ဟန်သုသော်

## တောင်သမန်၏ တမ်းချင်း အလင်္ကာ

အိပ်မက်တွေ လက်တစ်ဆုပ်စာနဲ့

ရန်ကုန်မြို့ ကို ငါ တက်လာခဲ့တယ်။

'ရ' ထားတဲ့ အဝေးသင်ဘွဲ့က အသုံးမတည့်လေတော့ . . .

လမ်းဘေးမှာ ပန်းရောင်းပြီး ဝမ်းဝွေးရလည်း ကိစ္စမရှိပါဘူးကွယ်။

မနက်ပိုင်းမှာ ကလောင်သွေး

ညနေရောက်ရင် . . . ညဈေးမှာ ပန်းရောင်းနေတဲ့

ကိုနှင်းဆီဆိုတာ . . . ငါပေါ့ . . .။

ရဲမာန်သွေး

...

အမောင်

အခွင့်အရေး ဆိုတာ . . .

နှစ် ခါပြန်မရဘူးလို့ . . . လူတွေ က ပြောစမှတ်ပြုကြတယ်။

ဒါပေမဲ့ အမောင်ရယ် . . .

မေသက် ကံကောင်းတယ်လို့ ပြောရမယ်။

ဘဝမှာ အခွင့်အရေး ကို နှစ် ခါရခဲ့တယ် . . .။

မေသက်

•••

'ချစ်တယ်' ဆိုတဲ့ စကားက

အချိန်နောက်ကျပြီးမှ ပြောလို့ရတဲ့ စကားမဟုတ်ဘူး။

ကျွန်တော် ကတော့ . . . ကျွန်တော် ချစ်မိတဲ့မိန်းကလေးဆိုတစ်ခါတည်းပဲ ချစ်ခွင့်ပန်တယ်။

ကျွန်တော် ချစ်မိနေတဲ့အကြောင်းကို သူ့ကို ဖွင့်ပြောတယ်။

ဘယ်တော့မှ နေ့ရွှေ့ ရက်ရွှေ့ မလုပ်ဘူး။

ကျွန်တော့်ရဲ့ အချစ်ကို လက်ခံပေးတာ . . . မပေးတာက

မိန်းကလေးရဲ့ အပိုင်းပဲလေ . . .။

အောင်မျိုးမင်း

•••

လောကမှာ

ကိုယ်ချစ်မြတ်နိုးတဲ့ လူ တစ်ယောက် ကို

'ချစ်တယ်' လို့

ဖွင့်ပြောခွင့်မရှိတဲ့ ဒုက္ခထက်

ဘယ်လိုဒုက္ခမျိုးက ဆင်းရဲဦးမှာ လဲ . . .။

ချိုဇင်သော်

•••

# အပိုင်း (၁)

- ၁ -

ရဲမာန်သွေးသည် ဆူးလေကားမှတ်တိုင်သို့ တစ်ယောက် တည်း လမ်းလျှောက်လာခဲ့သည်။ ကားမှတ်တိုင်နှင့် မလှမ်းမကမ်း၌ ရှိနေသည့် လူကူးမျဉ်းကျားကို သူ သတိထား၍ စိုက်ကြည့် မိသည်။ ရှေ့ကိုသာ ဦးတည်ပြီး လမ်းဖြတ်ကူးနေကြသူများ ၊ လမ်းမကူးသေးဘဲ မျဉ်းဝါပေါ်၌ ရပ်နေ ကြသူများ ၊ လာရာလမ်းအတိုင်း နောက်သို့ လှည့်ပြန်သွားကြသူများ ကို ကြည့်ပြီး၊ သူ၏ အတွေ းထဲ၌ အတွေ းတစ်ခု ချက်ချင်း ဝင်လာသည်။ ထိုမြင်ကွင်းနှင့် သူ၏ လက်ရှိဘဝကို နှိုင်းယှဉ်ကြည့်သည်။ သူ့ကိုယ်သူလည်း မေးခွန်းပေါင်းများ စွာ ကို အကြိမ်ကြိမ် မေးကြည့်မိသည်။

"ဘဝမှာ အောင်မြင်မှု ပန်းတိုင်ရောက်ဖို့ လူတိုင်း လူတိုင်း အားမာန်အပြည့်နဲ့ ရှေ့ဆက် ချီတက်နေကြတဲ့သူတွေ ရှိကြသလို၊ တချို့က အောင်မြင်မှု ပန်းတိုင်မရောက်ခင် လမ်းခုလတ်မှာ ရပ်နေကြသူတွေ လည်း ရှိနေကြပါလား။ တချို့က ကျဆုံးခြင်းနဲ့အတူ နောက်ပြန်လှည့်သွားသူတွေ လည်း ရှိနေကြပါလား . . . "

"ငါကရော . . ."

"ငါ့ဘဝရဲ့ ပန်းတိုင်၊ ငါ့ဘဝရဲ့ ရည်ရွယ်ချက်ကဘာလဲ"

"ငါ . . . ဘာကြောင့် ရန်ကုန်ရောက်လာပြီး၊ အမောတကော အလုပ်ရှာနေရတာ လဲ"

"ငါ့ဘဝမှာ ငါ . . . ဘာတွေ ဖြစ်ချင်တာလဲ။ ငါ့ရဲ့ ဝါသနာပါတဲ့ အလုပ်ကရော ဘယ်လို အလုပ်မျိုးလဲ"

"ဟုတ်ပြီ"

"ဟုတ်ပြီ"

"ငါ ဖြစ်ချင်တာကိုလည်း ငါသိပြီ။ ငါ့ရဲ့ ဝါသနာကိုလည်း ငါကိုယ်တိုင် သိနေတာပဲ။ အခု ဘယ်ကနေစပြီး အကောင်အထည်ဖော်ရမှာ လဲ။ ငါ . . . အခုရောက်နေတဲ့နေရာက ဘယ်လိုနေရာ မျိုးလဲ"

ထိုသို့ သော အတွေ းများ ဖြင့် လွင့်မျောနေချိန်မှာ သူ၏ အနီးသို့ လူတစ်ဦးရောက်လာသည်။

ထိုသူမှာ သူ၏ ငယ်သူငယ်ချင်း၊ တစ်ရွာတည်းသား အောင်မျိုးမင်း ဖြစ်နေသည်။

အောင်မျိုးမင်းသည် ရဲမာန်သွေးကို "ရဲမာန်" ဟု ချစ်စနိုး ခေါ်တတ်သည်။

ရဲမာန်သွေးကလည်း အောင်မျိုးမင်းကို "အောင်မျိုး" ဟုသာ ခေါ်သည်။

"ရဲမာန်"

"မင်းက ကားမှတ်တိုင်ကို ရောက်အောင်မသွားဘဲ၊ ဒီပလက်ဖောင်းပေါ်မှာ ဘာထိုင်လုပ်နေ တာလဲ"

"ဘယ်လိုလဲ"

"ဒီနေ့ အလုပ်လိုက်ရှာတာ၊ အလုပ်ရခဲ့ပြီလား"

ရဲမာန်သွေးက ခေါင်းခါပြလိုက်သည်။

ရဲမာန်သွေး၏ ငူတူတူ ငိုင်တိုင်တိုင် ဖြစ်နေသည့်ပုံစံကိုကြည့်ပြီး အောင်မျိုးမင်း ရယ်လိုက် သည်။

"ဘယ်လိုလဲ။ ရန်ကုန်မှာ အလုပ်ရှာရတဲ့ဒုက္ခကို သိပြီလား"

"လာပါကွာ။ ပလက်ဖောင်းပေါ်မှာ ထိုင်မနေပါနဲ့။ လူမြင်မကောင်းဘူး။ တိုက်ခန်းရောက်မှ အေးအေးဆေးဆေး စကားပြောကြရအောင်"

ရဲမာန်သွေးသည် ထိုင်နေရာမှ မတ်တတ် ရပ်လိုက်သည်။

ထို့နောက် နှစ် ယောက် သား စကားတပြောပြောနှင့် ကားမှတ်တိုင်ရှိရာဆီသို့

တဖြည်းဖြည်း လမ်းလျှောက်လာခဲ့ကြသည်။ ရဲမာန်သွေးသည် အလုပ်လျှောက်ရာတွင် တွေ့ကြုံခဲ့ရသည့် ခံစားချက်များ က သူ့အလိုလို ပေါက်ထွက်လာသည်။

"မင်းတို့ရန်ကုန်မှာ အလုပ်ရှာရတာ လည်း စိတ်ပျက်စရာပဲကွာ။ အလုပ်လျှောက်ဖို့ လျှောက်လွှာကဖြင့် မတင်ရသေးဘူး၊ ကွန်ပျူတာ တတ်လား၊ အင်္ဂလိပ်စကားပြောရော တတ်လား နဲ့ မေးလိုက်တဲ့မေးခွန်းတွေ ကလည်း များ လိုက်တာ . . . "

"အလုပ်ကြော်ငြာတွေ ဖတ်ပြီး၊ အလုပ်လျှောက်မယ်လို့ စိတ်ကူးမိပြန်တော့လည်း ရုပ်ရည် အသင့်အတင့်ရှိရမယ်၊ လုပ်ငန်းအတွေ့အကြုံ၊ လုပ်သက်ရှိရမယ်တွေ နဲ့ ကန့်သတ်ချက်တွေ ကလည်း မနည်းမနောဘဲ"

"ငါတို့လို နယ်ကနေတက်လာတဲ့ လူငယ်တွေ အတွက် အလုပ်တစ်ခုရဖို့ဆိုတာ မလွယ်ဘူး၊ အလုပ်ရှင်တွေ ကလည်း လုပ်ငန်းအတွေ့အကြုံမရှိတဲ့သူဆိုရင် အလုပ်မခန့်ချင်ကြဘူး၊ ငါတို့ရထား တဲ့ အဝေးသင်ဘွဲ့ကလည်း အလုပ်တစ်ခုရဖို့အတွက် အာမခံချက်ကို မရှိဘူးကွာ . . . "

"ဘာမှသုံးစားလို့မရတဲ့ အဝေးသင်ဘွဲ့ကို ရအောင်ယူခဲ့တဲ့ အချိန်တွေ ကို နမြောလိုက်တာ ကွာ၊ (၁၀) တန်းအောင်ကတည်းက အဝေးသင်မတက်ဘဲ၊ တစ်ခါတည်း အင်္ဂလိပ်စာတို့ ကွန်ပျူတာတို့ကို တက်လိုက်ရမှာ "

ရဲမာန်သွေး၏ မကျေမနပ် ဖြစ်နေပုံကိုကြည့်ပြီး အောင်မျိုးမင်း ပြုံး မိသည်။

အောင်မျိုးမင်း ပြုံး လိုက်စဉ်တွင် သူ၏ ပါးပြင်မှ ပါးချိုင့်လေးသည် ရုတ်တရက်ထွက်ပေါ်လာ သည်။

"ကဲပါကွာ"

"စာရေး ဆရာ ဖြစ်ချင်တဲ့၊ စာရေး ဆရာလောင်းကြီးရာ . . . ၊ ဒီလောက် အခက်အခဲလေးကို တောင် မကျော်လွှားနိုင်ဘူးလား . . . ၊ စာရေး ဆရာ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ မင်းရဲ့ ရည်ရွယ်ချက် ကို အကောင်အထည်ဖော်ဖို့ ကြိုး စားရင်

ဒီထက်တောင် ခက်ခဲဦးမှာ၊ အခု အခက်အခဲက အသေးအမွှား "ပ"မွှားလေးပဲ ရှိသေးတယ်"

နှစ် ယောက် သား စကားကောင်းနေစဉ်တွင် လိုင်းကားတစ်စီး မှတ်တိုင်သို့ ရောက်လာ သည်။

"လာ . . . ဟိုမှာ အဓိပတိအပြာ လာနေပြီ။ အဲဒီ ကားက ကြည့်မြင်တိုင်ကို ရောက်တယ်။ အဲဒီ ကားနဲ့ လိုက်သွားကြရအောင်"

•••

- ၂ -

"ထိုင်နေလို့တော့ . . . ဘာမှ ဖြစ်မလာဘူး၊ ထိုင်နေလို့တော့ . . . ဘာမှ ဖြစ်မလာဘူး"

ကလေးငယ်တစ်ဦး လမ်းသွားရင်း သီဆိုသွားသည့် သီချင်းသံသည် ရဲမာန်သွေး၏ ရင်ကို ထိစေသည်။

ရဲမာန်သွေးသည် ရှေ့ဆက်ပြီးလှမ်းရမည့် သူ၏ ခြေလှမ်းများ တုံ့ခနဲ ရပ်သွား၏။ ကလေး ငယ် သီဆိုသွားသည့် သီချင်းစာသားအတိုင်းပင် ထိုင်နေလို့ကတော့၊ ဘဝမှာ ကိုယ်ဖြစ်ချင်တာ၊ ဘာတစ်ခုမှ သူ့အလိုလို ဖြစ်မလာနိုင်သည်ကိုတော့၊ ရဲမာန်သွေး ကောင်းကောင်းကြီး နားလည် ထားသည်။

ဤအတိုင်း ရွာမှာ ဆက်နေပြီး မိဘများ နှင့် အတူ တောင်သူလုပ်ငန်းကို ဝိုင်းကူပြီး လုပ်ရမည် လား။

မိမိရခဲ့သည့်ဘွဲ့ကို အသုံးချပြီး၊ မိမိ ဖြစ်ချင်လှသည့် ဝါသနာပါလှသည့် စာရေးဆရာ ဖြစ်အောင် ကြိုး စားရမည် လား။ အခုတော့ သူရွေးချယ်ရမည့် အလုပ်ကို ဝေခွဲ၍ မရ ဖြစ်နေသည်။

"ရဲမာန်"

"ရွာမှာ မင်း ဒီအတိုင်းနေလို့ ကတော့ မင်း ဖြစ်ချင်တဲ့ စာရေး ဆရာ ဖြစ်ဖို့ဆိုတာ တော် တော် ကိုဝေးတယ်ကွ၊ ရွာမှာ မင်း နေနေသရွေ့ ကတော့ စာရေး ဆရာဆိုတာ မင်းအတွက် အိပ်မက်ပဲ ဖြစ်နေမှာ . . . "

"မင်း အခု ကျောင်းပြီးနေပြီပဲ၊ ရန်ကုန်တက်ခဲ့ပါ့လား၊ ရန်ကုန်မှာ အလုပ်တစ်ခုလုပ်ရင်း၊ စာရေး ဆရာ ဖြစ်အောင် ကြိုး စားရင် ဖြစ်နိုင်တာပဲ"

"ငါလည်း ရန်ကုန်မှာ ကျောင်းတက်နေတာပဲကွာ၊ မင်း ရန်ကုန်ရောက်လာလို့ လိုအပ်တာ တွေ ကိုလည်း ငါ ကူညီပေးမှာ ပေ့ါ၊ မင်း ရန်ကုန်ရောက်လာရင်လည်း ငါ့တိုက်ခန်းမှာ လာနေ"

"မင်း စာရေး ဆရာ တကယ် ဖြစ်ချင်တယ်ဆိုရင် ရန်ကုန်ကို တက် ဖြစ်အောင်သာ တက်လာ ခဲ့"

"ငါ့သူငယ်ချင်း တစ်ယောက် ရဲ့ အဖေက နိုင်ငံကျော်စာရေး ဆရာကြီးကွ၊ တက္ကသိုလ် သျှင်လွှမ်းနိုင်တဲ့၊ အဲဒီ ဆရာကြီးကို မင်း သိမှာ ပါ၊ သူနဲ့ ဆုံလို့ရအောင် ငါ စီစဉ်ပေးမယ်လေ . . . "

"ဘဝမှာ ကိုယ် ဖြစ်ချင်တာကို ဖြစ်အောင်လုပ်လို့ရပါတယ်၊ မ ဖြစ်နိုင်ဘူးဆိုတာ မရှိဘူး၊ မ ဖြစ်သေးတာပဲ ရှိတယ်၊ တကယ်လိုအပ်တာက လုပ်နိုင်တဲ့သတ္တိပဲ လိုတာပါကွာ . . . "

လွန်ခဲ့သော ခြောက်လလောက်က သူငယ်ချင်း အောင်မျိုးမင်း၊ ရွာဘုရားပွဲတော်ကို အလည် ပြန်လာစဉ်က ပြောခဲ့သည့်စကားကို ရဲမာန်သွေး အမှတ်ရနေမိ၏ ။ အောင်မျိုးမင်း၏ စကားများ ကို အကြိမ်ကြိမ် ပြန်လည်ကြားယောင်နေမိသည်။

"ဟဲ့ . . . မောင်လေး"

"နွားစာခြင်းကြီးနဲ့ နေပူထဲမှာ ဘာရပ်လုပ်နေတာလဲ"

"နွားစာထည့်မှာ မထည့်ဘဲနဲ့၊ နွားစာထည့်ရင်း နင်စိတ်တွေ

ဘယ်ရောက်နေတာလဲ၊ ဝတ္ထုတွေ ဖတ်ပြီး စိတ်ကူးယဥ်မနေနဲ့။ နွားစာကျွေးနေချိန်မှာ တော့ နွားတွေ ကို ဝအောင် ကျွေးဦး"

အစ်မ ဖြစ်သူ မသန်းမိုး သတိပေးလိုက် မှပဲ၊ ရဲမာန်သွေးသည် သူ နေပူထဲရပ်နေသည်ကို သတိရသွားသည်။

ထို့နောက် နွားစာခြင်းထဲက နွားစာများ ကို နွားစာခွက်ထဲသို့ ခပ်မြန်မြန်လေး ထည့်လိုက် သည်။

ရဲမာန်သွေးသည် ညပိုင်းဆိုလျှင် အိမ်ကပ်လေ့မရှိ။

သူငယ်ချင်းများ နှင့် အတူ ညကြီးမိုးချုပ်သည်ထိ ရွာထဲကို လျှောက်လည်တတ်၏ ။ ညအိပ်ချိန်ရောက်မှသာ အိမ်ပြန်လာလေ့ ရှိသည်။

ဤညဥ့် ရဲမာန်သွေး အိမ်တွင် ရှိနေသည်ကိုက အဖေနှင့် အမေတို့အတွက် ထူးဆန်းနေ သည်။ ရဲမာန်သွေးသည် သူ ပြောချင်သည့်စကားများ ကို မိဘများ အား ဖွင့်ပြောမည် ဟု ဆုံးဖြတ် လိုက်သည်။ ထို့နောက် မိဘများ ၏ ရှေ့၌ သူ၏ ရင်တွင်းဆန္ဒများ ကို ရဲရဲကြီး ဖွင့်ချလိုက်တော့သည်။

"ဒီည အဖေနဲ့ အမေကို ကျုပ် ပြောစရာရှိလို့၊ ကျုပ် တိုင်ပင်ချင်စရာ ရှိလို့"

သား၏ အဆက်အစပ်မရှိသည့် စကားများ ကို ကြားရတော့၊ အဖေ ဦးဖိုးထောင်သည် ရေနွေးကြမ်းသောက်နေရာမှ ပြောင်းဖူးဖက်ဆေးလိပ် လိပ်နေသည့် အမေဒေါ်ငွေကို လှမ်းကြည့် လိုက်သည်။ အမေကလည်း သား နောက်ထပ် ဘာများ ထပ်ပြောမလဲဆိုသည်ကို သိချင်လွန်းလှ သဖြင့် ဆေးလိပ်ကို ဆက်မလိပ်သေးဘဲ၊ သားပြောမည့် စကားများ ကို အာရုံစိုက်၍ နားထောင်နေ သည်။

"ကျုပ် ရွာမှာ မနေချင်တော့ဘူး"

သား၏ တိုတိုတုတ်တုတ် ပြောလိုက်သည့်စကားကြောင့် အမေ အံ့သြသွားရသည်။

"ကျုပ် စာရေး ဆရာ ဖြစ်ချင်တယ်၊ ရွာမှာ နေလို့ ဒီတစ်သက် ကျုပ် စာရေး ဆရာ ဖြစ်မှာ လည်း မဟုတ်ဘူး"

"ကျုပ် ရန်ကုန်ကိုသွားချင်တယ်၊ ရန်ကုန်မှာ အလုပ်လုပ်ရင်း စာရေး ဆရာ ဖြစ်အောင် ကျုပ် ကြိုး စားချင်တယ်၊ ရန်ကုန်သွားဖို့ အဖေနဲ့ အမေ ကျုပ်ကို ခွင့်ပြုပါ"

သား၏ စကားကိုကြားရတော့ အဖေက ပြုံး မိ၏ ။ အဖေက စကားတစ်ခွန်းမှ မပြောဘဲ၊ အမေ့ကိုသာ တစ်ချက်လှမ်းကြည့်လိုက်သည်။ အဖေသဘော ကတော့၊ သားကိစ္စကို အမေသာ ပြောလိုက်ဆိုသည့် သဘောပင်။

"စာရေး ဆရာ ဖြစ်ချင်တာတော့ ဟုတ်ပါပြီ၊ ရန်ကုန်ဆိုတာ အမေတို့ ရောက်ဖူးတဲ့နေရာ လည်း မဟုတ်ဘူး၊ အမေတို့ ဆွေမျိုးတွေ ရှိတဲ့နေရာလည်း မဟုတ်ဘူး၊ ရန်ကုန်မှာ သား တစ်ယောက် တည်း သွားနေလို့ ဖြစ်ပါ့မလား"

ဆေးလိပ် ဆက်လိပ်နေရင်းဖြင့် အမေက မေး၏ ။

" ဖြစ်ပါတယ်အမေ။ ကျုပ် ဖြစ်အောင်နေမှာ ပါ၊ ရန်ကုန်မှာ အောင်မျိုးလည်း ကျောင်းတက် နေတာပဲ၊ ကျုပ်လိုအပ်တာကို သူက အကူအညီပေးမယ်လို့လည်း ပြောထားတယ်"

အမေက ပြုံး လိုက်သည်။

"အောင်မျိုး အကူအညီက ခဏပဲရမယ်၊ ရေရှည်ရပ်တည်နိုင်ဖို့ ကတော့ ကိုယ့်အားကိုယ် ကိုးမှရမှာ ။ အမေတို့ကလည်း သား ရန်ကုန်ကိုသွားရင် ငွေအများ ကြီး မပေးလိုက် နိုင်ဘူး၊ ညီမလေး နှစ် ယောက် ရဲ့ ကျောင်းစရိတ်တွေ ကလည်း ရှိသေးတယ်"

အမေ ဘာမှ ဆက်မပြောသေးဘဲ၊ ခဏလေး ငြိမ်နေ၏ ။ ပြီးမှ သားကို မေးခွန်းတစ်ခု၊ လေးလေးနက်နက် မေးလိုက်သည်။

"မင်း သတ္တိရှိလား . . . "

အမေ၏ တစ်ခွန်းတည်းသော အမေးကို ရဲမာန်သွေး ချက်ချင်း မဖြေ။

ခဏတာစဉ်းစားပြီးမှ ရဲရဲဝံ့ဝံ့ အဖြေပေးသည်။ ရဲမာန်သွေးသည့် သူ့ကိုယ်သူလည်း ယုံကြည်မှု ရှိပုံရသည်။

"ရှိပါတယ် အမေ"

ရဲဝံ့ပြတ်သားလှသည့် သား၏ အဖြေကို ကြားရတော့ အမေလည်း အားတက်မိသည်။

"အေး . . . ယောကျ်ားဆိုတာ ကိုယ်ပြောခဲ့တဲ့စကားကို ကိုယ် တာဝန်ယူနိုင်ရတယ်၊ သား ရန်ကုန်သွားရင် ပိုက်ဆံတစ်သိန်းလောက်တော့ အမေ ပေးလိုက်မယ်၊ ကျန်တာ ကတော့ ကိုယ့် ဖာသာကိုယ် ဖြေရှင်း . . . "

"အိမ်အတွက်တော့ . . . ဘာမှ နောက်ဆံတင်းမနေနဲ့၊ လုပ်စရာရှိတာကို စိတ်အေး လက်အေးသာလုပ်ပါ"

"ဒါပေမဲ့ . . . "

အမေက ပြောစရာရှိသော စကားများ ကို အကုန်မပြောသေးဘဲ၊ သား၏ အခြေအနေကို အကဲခတ်နေသည်။

"သား ရန်ကုန်ကိုသွားတာ ရည်ရွယ်ချက်နဲ့ သွားတာနော်၊ အပျော်သွားတာ မဟုတ်ဘူး၊ စာရေး ဆရာ မ ဖြစ်သေးရင် ဘယ်တော့မှ ရွာကို ပြန်မလာခဲ့နဲ့၊ စာရေး ဆရာအ ဖြစ် အသိအမှတ်ပြုခံရမှ ရွာကိုပြန်ခဲ့"

အမေ၏ တစ်ချက်လွှတ်စကားသံကို ကြားရတော့ ရဲမာန်သွေး ကျောချမ်းမိသည်။

အားလည်း ရှိမိသည်။

သူ၏ ဘဝမှာ အမေက ထိုကဲ့သို့ အားပေးစကားမျိုး တစ်ကြိမ်တစ်ခါမှ မပြောခဲ့ဘူးသေးပေ။

"အမေရယ် . . . အမေ့သားကို သိပ်ပြီးလည်း အထင်ကြီးမနေပါနဲ့။ ရွာကိုမခွာနိုင်လို့ တောက်တဲ့လို ရွာကပ်နေတဲ့သူကိုများ ။ တော် ကြာနေ စာရေး ဆရာ

ဖြစ်မလာဘဲ၊ နောက်ကနေ အကြွေးပဲ လိုက်ဆပ်ရမယ် ထင်တယ်"

အစ်မ ဖြစ်သူ၏ ခနဲ့လိုက်သည့် စကားကိုကြားလိုက်ရတော့ ရဲမာန်သွေး ဒေါသ ဖြစ်မိသည်။

ချက်ချင်း ပင် သူ၏ မျက်နှာနီမြန်းသွားသည်။

"မမ . . . နင် ငါ့ကို အထင်သေး အမြင်သေးတတ်လွန်းလို့ နင်နဲ့ ငါ မတည့်တာ။ ဒီရုပ်ကို သေသေချာချာ ကြည့်ထား။ စာရေး ဆရာ မ ဖြစ်ဘဲ၊ ငါဘယ်တော့မှ ရွာကို ပြန်မလာဘူး"

မောင်လေး ဖြစ်သူ ဒေါသထွက်နေသည်ကိုကြည့်ပြီး မသန်းမိုး သဘောကျမိသည်။

ရယ်စစနဲ့ မခံချင်အောင် ထပ်ပြီး ကလိလိုက်ပြန်သည်။

"အေးပါဟယ် . . ."

"ငါ့မောင် စာရေး ဆရာ ဖြစ်မှ ငါတို့လည်း ကားစီးရမှာ ။ ဆိုင်ကယ်စီးရမှာ "

"အကြီးမ ဘာ ဖြစ်လို့ သူများ ရဲ့ ရည်ရွယ်ချက်ကို ပျက်ရယ်ပြုရတာ တုံး"

"ကိုယ့်ဖာသာကိုယ် တီဗွီကြည့်မှာ အသာကြည့်စမ်း"

စကားပြောနည်းသည့် အဖေက ငေါက်လိုက်မှ အစ်မမသန်းမိုးလည်း ဘာမှဆက်မပြော တော့ဘဲ ငြိမ်သွားသည်။

ထိုသို့ အမေ ပြောလိုက်သည့်စကား၊ အစ်မ မသန်းမိုး ပြောလိုက်တဲ့စကားများ ကို ပြန်လည် စဉ်းစားရင်းဖြင့် ရဲမာန်သွေး အိပ်မပျော် ဖြစ်နေသည်။

သက်ပြင်းလည်း အကြိမ်ကြိမ် ချနေမိသည်။

ရွာကနေ မျှော်မှန်းထားသည့်အတိုင်း၊ ရန်ကုန်တွင် လုပ်ငန်းရှာရတာ အဆင်ပြေပြေ ဖြစ်မလာပြန်တော့လည်း စိတ်ပျက်လာမိသည်။ သူ၏ ယုံကြည်ချက်များ လည်း

အနည်းငယ် လျော့ကျလာသည်။

ရဲမာန်သွေးသည် အိပ်ပျော်အောင် ကြိုး စား၍ အိပ်ကြည့်ပေမဲ့လည်း သူ လုံးဝအိပ်၍ မရ ဖြစ်နေသည်။

ရွာကနေ ရန်ကုန်ထွက်မလာခင်၊ အမေ ပြောလိုက်သည့်စကားတွေ က သူ၏ အတွေ းထဲ တွင် လွှမ်းမိုးနေဆဲ။

အကြိမ်ကြိမ် ပဲ့တင်ထပ်နေဆဲပင်။

"သား ရန်ကုန်ကိုသွားတာ ရည်ရွယ်ချက်နဲ့သွားတာနော်။ အပျော်သွားတာမဟုတ်ဘူး။ စာရေး ဆရာ မ ဖြစ်သေးရင် ဘယ်တော့မှ ရွာကို ပြန်မလာခဲ့နဲ့၊ စာရေး ဆရာအ ဖြစ် အသိအမှတ်ပြုခံရမှ ရွာကိုပြန်ခဲ့"

"စိတ်ချပါ အမေ"

"ကျုပ် စာရေး ဆရာအ ဖြစ် အသိအမှတ်ပြုမခံရဘဲ၊ ဘယ့်တော့မှ ရွာကို ပြန်မလာဘူး၊ ရန်ကုန်မှာ ထမင်းငတ်လို့ မိုက်မှော က်နေရင် နေရပါစေ၊ ကျုပ် ထမင်းအငတ်ခံပြီးတော့ကို နေမယ်"

"စာရေး ဆရာလို့ အသိအမှတ်ပြုမခံရဘဲ၊ ဘယ်တော့မှ ကျုပ် . . . ရွာကို ပြန်မလာဘူး"

ရဲမာန်သွေးသည် အိပ်ရာထဲကနေ ကြွေးကြော်လိုက်မိသည်။

•••

## - ၃ -

နံနက် (၇) နာရီထိုးသည့်တိုင် ရဲမာန်သွေးသည် အိပ်ရာက မထသေးပေ။

အောင်မျိုးမင်းနှင့် သူ၏ သူငယ်ချင်း မျိုးဝင်းဇော်တို့သည် ကျောင်းသွားဖို့ပင်

အဆင်သင့် ဖြစ်နေကြပြီ။

"ရဲမာန် . . . "

"မင်း အိပ်ရာထတော့လေကွာ။ (၈) နာရီ ထိုးနေပြီ။ ငါတို့ ကျောင်းသွားတော့မယ်"

အောင်မျိုးမင်း နှိုးလိုက်မှပဲ၊ ရဲမာန်သွေး အိပ်ရာက ထာတော့၏ ။ ထို့နောက် မျက်နှာသစ်၊ သွားတိုက်၊ ရေမြန်မြန်ချိုးပြီး သူလည်း အလုပ်ရှာထွက်ဖို့ ပြင်ဆင်ရတော့သည်။

အောင်မျိုးမင်းသည် ရဲမာန်သွေးနှင့် သက်တူရွယ်တူ သူငယ်ချင်းလည်း ဖြစ်သလို ညီအစ်ကို တစ်ဝမ်းကွဲလည်း တော် စပ်သည်။ ရဲမာန်သွေးက အောင်မျိုးမင်းထက် ရက်ပိုင်းလောက်သာ အသက် ကြီးသည်။

ငယ်စဉ်က ကျောင်းနေနောက်ကျသဖြင့် ၊ ရဲမာန်သွေးအောင်ပြီး နောက် (၂) နှစ်နေမှ (၁၀) တန်းအောင်သည်။ (၁၀) တန်းတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးထူးချွန်ချွန် အောင်မြင်သဖြင့် ရန်ကုန်သို့ ရောက်လာပြီး၊ ရေကြောင်းပညာတက္ကသိုလ် (သန်လျင်) ကို ဆက်တက် ဖြစ်သည်။

ရဲမာန်သွေးက မန္တလေး ရတနာပုံအဝေးသင်တက္ကသိုလ်မှ စီးပွားရေး အထူးပြု ဘာသာရပ် ဖြင့် ကျောင်းပြီးထားသည်။

အောင်မျိုးမင်း၏ မိဘများ ကလည်း သားကျောင်းတက်ရာမှာ အဆင်ပြေစေရန် ရန်ကုန်မြို့ ၊ ကြည့်မြင်တိုင်၊ ကမ်းနားလမ်း၌ တိုက်ခန်းတစ်ခန်း ဝယ်ပေးထား၏ ။

ထိုတိုက်ခန်းမှာ ရဲမာန်သွေး ရန်ကုန်မရောက်ခင်တော့၊ သူ၏ သူငယ်ချင်းတစ်ဦး ဖြစ်သူ ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့ သား မျိုးဝင်းဇော်နှင့် အတူနေထိုင်သည်။ ရဲမာန်သွေး ရန်ကုန် ရောက်လာတော့၊ အောင်မျိုးမင်း၏ တိုက်ခန်းသည် ပို၍ ပင် စည်ကားသွားသည်။

အောင်မျိုးမင်းနှင့် မျိုးဝင်းဇော်တို့ ကျောင်းကနေပြန်လာပြီး၊ တိုက်ခန်းတံခါးကို ဆွဲဖွင့်လိုက် သည်နှင့် သူတို့နှစ် ဦးကို အံ့အားသင့်သွားစေသည်။ အရင်က ရှုပ်ပွနေသော

တိုက်ခန်းသည် တောက်ပြောင်အောင် သန့်ရှင်းနေသည်ကိုက သူတို့နှစ် ဦး၏ အမြင်ကို ပို၍ ထူးခြားသွားစေသည်။

ဟိုတစ်စ သည်တစ်စ ပြန့်ကျဲနေသည့် အားကစားဂျာနယ်များ ကိုလည်း ခြင်းတောင်းတစ်ခု ထဲမှာ စီ၍ ထည့်ထားပေး၏ ။ ညစ်ပေနေသည့် အဝတ်အစားများ ကိုလည်း လျှော်ဖွပ်၍ နေပူတွင် လှန်းထားပေးသည်။ အိပ်ရာများ ကိုလည်း သန့်ရှင်းရေး ပြု လုပ်ပေးထားသည်။ ခေါင်းအုံးနှင့် စောင် များ ကိုလည်း သပ်သပ်ရပ်ရပ် ခေါက်ထားပေးသေး၏ ။ သူ့နေရာနှင့် သူ စနစ်တကျကို နေရာချထား ပေးသည်။

ဘုရားကျောင်းဆောင်ကို ကြည့်ပြန်တော့လည်း နှင်းဆီပန်းများ နှင့် ဝေဆာနေအောင်ပင် ကပ်လှူထားသေးသည်။ နောက်ပြီး ကွန်ပျူတာနှင့် တီဗွီတို့ကိုလည်း ဖုန်သုတ်ထားပေးသည်။

"ရဲမာန် ဒီနေ့ အလုပ်ရှာမသွားဘဲ၊ အိမ်မှာ သန့်ရှင်းရေး တွေ လုပ်နေတယ်ထင်တယ်"

အောင်မျိုးမင်း အဝတ်လဲရင်းဖြင့် ပြော၏ ။

"ဟုတ်တယ်၊ တစ်အိမ်လုံးလည်း သန့်ပြန့်နေတာပဲ၊ ငါတို့လည်း အခုမှပဲ သန့်သန့်ရှင်းရှင်း နေရတော့တယ်"

ရဲမာန်သွေး၏ အကြောင်းကို အောင်မျိုးမင်းနှင့် မျိုးဝင်းဇော်တို့ အပြန်အလှန် ပြောနေစဉ် တွင် ရဲမာန်သွေးသည် တံခါးဖွင့်၍ ဝင်လာသည်။ သူ၏ လက်ထဲတွင် ကန်စွန်းရွက်နှစ် စည်းလည်း ပါလာသည်။

"ရဲမာန် . . . မင်း ဒီနေ့ အလုပ်သွား မရှာဘူးလား"

"သွားတယ်။ ငါ အခု အလုပ်ရခဲ့ပြီ"

"ဟ . . . မြန်လှချည်လား။ မင်း . . . ဘာအလုပ်ရခဲ့တာလဲ"

အောင်မျိုးမင်း၏ အမေးကို ရဲမာန်သွေးမဖြေဘဲ၊ သူ ဝယ်လာသည့်

ကန်စွန်းရွက်များ ကိုသာ အာရုံစိုက်ပြီး အရိုးနှင့် အရွက် ခွဲခြား၍ သင်နေသည်။

"ရဲမာန်။ ငါမေးတာကိုလည်း အရေး လုပ်ပြီးလည်း ဖြေဦးလေကွာ"

"အလုပ်က သူများ အလုပ်မဟုတ်ဘူး၊ ငါ့ကိုယ်ပိုင်အလုပ်"

ကိုယ်ပိုင်အလုပ် ဆိုသည့်အဖြေကို ကြားလိုက်တော့၊ မျိုးဝင်းဇော်သည် ရဲမာန်သွေး၏ အဖြေ ကို ပို၍ စိတ်ဝင်စားသွား၏ ။ သူလည်း ကွန်ပျူတာဂိမ်းကစားနေရာမှ ရဲမာန်သွေးအနားသို့ ထလာခဲ့ သည်။

"ပြောစမ်းပါဦး . . . ကိုရဲမာန်၊ ကိုယ်ပိုင်အလုပ်ဆိုတာ ဘယ်လိုအလုပ်မျိုးလဲ၊ အဆင်ပြေရင် ကျွန်တော် လည်း အလုပ်လုပ်ချင်လို့"

မျိုးဝင်းဇော်က ကန်စွန်းရွက် ဝိုင်းကူသင်ပေးရင်း မေး၏ ။

"အင်း . . . ငါ့ဘွဲ့လေးကိုအားကိုးပြီး ရန်ကုန်မှာ အလုပ်လိုက်ရှာတာ၊ ဆယ်ရက် ရှိသွားပြီ။ ရွာကနေ ပါလာတဲ့ ပိုက်ဆံလည်း ခန်းခါနီး နေပြီ။ ငါ့ရဲ့ ပညာကို အားကိုးလို့မရတော့လို့၊ ငါ့ရဲ့ ရိုးသားမှု ကို အားကိုးပြီး အလုပ်ရှာမှပဲ အလုပ်ရတော့တယ်"

"ရခဲ့တဲ့အလုပ်ကလည်း ကိုယ်ပိုင်အလုပ်၊ ကိုယ့်စိတ်ကိုယ်ပိုင်ပဲဗျာ"

"မင်းက စကားတစ်ခွန်း ပြောမှာ ကို လေရှည်နေတယ်။ တစ်ခွန်းတည်း ဘာအလုပ်လို့ ပြောလိုက်ရင်ပြီးနေတာကို ဝေ့လည်လည်နဲ့"

အောင်မျိုးမင်း စိတ်မရှည် ဖြစ်နေသည်ကို ကြည့်ပြီး၊ ရဲမာန်သွေး အသံထွက်၍ ရယ်လိုက် သည်။

"အောင်မျိုးရာ . . . မင်းကလည်း ငါ့စကားကို ဆုံးအောင် နားထောင်ပါဦး။ ငါက စာရေး ဆရာ လုပ်မယ့်သူဆိုတော့၊ ပြောမယ့်စကားကို ကွေ့ကာ ဝိုက်ကာ ပြောတတ်ရမယ်လေကွာ။ ဒါမှ ငါ . . . စာရေး ဆရာ ဖြစ်မှာ ပေါ့ . . . အပြောကောင်းမှ အရေး ကောင်းမယ်လို့ စာရေး ဆရာကြီး တစ်ယောက် ပြောဖူးတယ်လေ . . . "

"ဟုတ်ပါပြီ စာရေး ဆရာကြီးရယ် . . . စာရေး ဆရာကြီး လုပ်မယ့်အလုပ်က

ဘာအလုပ်တုံး"

အောင်မျိုးမင်းက ငေါ့တော့တော့ မေးလိုက်၏ ။

"ညဈေးမှာ နှင်းဆီပန်း ရောင် းမလို့"

ရဲမာန်သွေး၏ စကားကိုကြားလိုက်တော့၊ အောင်မျိုးမင်းနှင့် မျိုးဝင်းဇော်တို့ တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြ၏ ။ သူတို့နှစ် ဦး၏ စိတ်ထဲမှာ တော့ . . . ပုံပြောနေသည်ဟု ထင်နေကြသည်။ ရဲမာန်သွေးသည် ရွာမှာ ရှိနေစဉ်က အိမ်အလုပ်ကိုပင် လက်ကြောတင်းအောင် လုပ်ကိုင်သူမဟုတ်တော့၊ သူ၏ စကားကို အောင်မျိုးမင်း မယုံကြည်သလိုလို ယုံကြည်သလိုလို ဖြစ်နေကြသည်။

"ဘာလဲ . . . မင်းတို့နှစ် ယောက် က ငါ ပြောတဲ့စကားကို မယုံကြဘူးထင်တယ်။ ငါ တကယ် ပြောနေတာ။ ငါဈေးရောင် းမယ့်နေရာကိုတောင် ငှားခဲ့ပြီးပြီ။ နောက်နှစ် ရက် သုံးရက်လောက်ဆို ဈေးစပြီး ရောင် းတော့မှာ "

"ကဲပါကွာ . . . ဒါတွေ ထားလိုက်ပါတော့ . . . မင်းတို့ကောင်တွေ ရေချိုးမှာ ဖြင့် ချိုးကြ၊ ငါ အခု ကန်စွန်းရွက်ကြော်လိုက်မယ်၊ ပြီးရင် ညနေစာထမင်းစားကြမယ်၊ အပြင်ထွက်မစားကြနဲ့တော့၊ စားလို့ ကောင်းမကောင်းတော့ မသိဘူး၊ ဒီနေ့ မင်းတို့အတွက် ထမင်းချက်ထားတယ်"

နောက်နေ့မှစပြီး ရဲမာန်သွေးသည် သူ၏ အလုပ်ကို စတင် အကောင်အထည် ဖော်နိုင်ရန် ပြင်ဆင်တော့သည်။

ပထမဦးဆုံး သူလေ့လာရသည်က သီရိမင်္ဂလာဈေး ပန်းဒိုင်များ မှ ပန်းဖောက်သည်ယူကြ ရပုံ၊ တစ်ဖန် ပန်းသည်များ ၏ အခေါ် ပန်းအရိုင်းထုံးကြီးမှ လက်လီရောင် းချရန်အတွက် ပန်းစည်း ကလေးများ ခွဲ၍ စည်းရပုံ၊ ရန်ကုန်မြို့ တွင် းရှိ ဈေးများ ကို လျှောက်ပတ်ပြီး ပန်းသည်များ ပန်းပြန်လည် ရောင် းချနေကြပုံတို့ကို အထူးလေ့လာရသည်။ လေ့လာမှု ပြီးသည်နှင့် ပန်းဆိုင်စဖွင့် နိုင်ရန် လုံးပန်းတော့သည်။

•••

- ၄ -

ညနေ (၄) နာရီထိုးသည်နှင့် ကြည့်မြင်တိုင်ညဈေးသည် ဈေးရောင်းသူ ဈေးဝယ်သူများ ဖြင့် စတင် စည်ကားစပြုပြီ။ ဈေး၏ ဘေးပလက်ဖောင်းများ ပေါ်၌ လည်း လမ်းဘေးဈေးသည်များ ဈေးဖန်းခင်းနေကြလေပြီ။

ရဲမာန်သွေးသည်လည်း ညနေ (၄) နာရီထိုးသည်နှင့် ပန်းရောင်း ရန် စတင်၍ ပြင်ဆင်နေ တော့သည်။

သူရောင်းချမည့် နှင်းဆီပန်းများ နှင့် ကြယ်တာရာပန်းတို့ကို လန်းလန်းဆန်းဆန်း ဖြစ်စေရန် အတွက် ရေဆွတ်ပေးသည်။ ပြီးမှ ပီနံအိတ်ခွံနှစ် ခုကိုဆက်၍ မြေပြင်မှာ ဖြန့်ခင်းလိုက်ပြီး၊ နှင်းဆီ ပန်းများ နှင့် ကြယ်တာရာပန်းတို့ကို စီစီရီရီ တင်လိုက်သည်။

သူ၏ ဘဝတွင် တစ်ကြိမ်တစ်ခါမျှ ဈေးမရောင်းဖူးသဖြင့် ရှက်နေသလိုလို ကြောက်နေ သလိုလိုတော့ ဖြစ်မိသည်။

"ဘဝမှာ ရှက်စရာမဟုတ်တာကို ရှက်နေတာတို့၊ ကြောက်စရာမဟုတ်တာကို ကြောက်နေ တာတို့ ဖြစ်နေရင် ဘဝမှာ ကိုယ် ဖြစ်ချင်တာ ဘာတစ်ခုမှ သူ့အလိုလို ဖြစ်လာမှာ မဟုတ်ဘူး"

"ရဲမာန်သွေး မင်း ရှက်မနေနဲ့၊ မင်း ကြောက်မနေနဲ့ . . . မင်း သူတစ်ပါးပစ္စည်းကို ခိုးနေတာ မဟုတ်ဘူး။ မင်း ရိုးရိုးသားသား ကိုယ့်အလုပ်ကိုယ် လုပ်တာပဲ။ မင်းအလုပ်ကိုမင်း ရဲရဲကြီး ဂုဏ်ယူ လိုက်စမ်းပါကွာ"

ဟု တွေးရင်းဖြင့် သူ့ကိုယ်သူ အားပေးနေမိသည်။ တွန်းအားပေးနေမိသည်။

ပထမဦးဆုံး ပန်းလာဝယ်မည့် သူက ဘယ်လိုလူမျိုး ဖြစ်မလဲဆိုမည် ကို

ရဲမာန်သွေး စိတ်ဝင် စားမိသည်။ ဈေးဝယ်မည့် သူကို သူ မျှော်နေလေပြီ။

"ဟဲ့သားငယ် . . . နှင်းဆီ ဘယ်လိုရောင် းလဲ"

အသံပိုင်ရှင်ကို သူ မော့ကြည့်လိုက်သည်။ ပထမဦးဆုံး ပန်းဝယ်ဖို့ ဈေးလာမေးနေသူမှာ အသက် (၄၅) နှစ် အရွယ်ခန့် မာမီတစ်ဦး ဖြစ်နေသည်။ သူ ပြုံး မိသည်။

"ရေမွှေးနှင်းဆီက ဆယ်ပွင့်တစ်စည်းကို သုံးရာပါ။ ယိုးဒယားနှင်းဆီအနီက ငါးရာ။ နှင်းဆီ အဖြူကလည်း ငါးရာ၊ ကြယ်တာရာ တစ်စည်းက သုံးရာ"

ရောင် းဈေးကို တစ်မျိုးချင်း ရွတ်ပြလိုက်သည်။

"ကြိုက်တာယူပါ၊ ဈေးဦးပေါက်ဆိုတော့ ဈေးလည်းလျှော့ပေးမယ်။ လက်ဆောင်လည်း ပေးလိုက် ပါ့မယ်"

ဈေးနှုန်းသိသည်နှင့် မာမီသည် သူ၏ စိတ်ကြိုက် နှင်းဆီပန်းများ ကို ရွေးချယ်လိုက်သည်။ ပြီးမှ ဈေးဆစ်သည်။

"သားငယ် . . . ရေမွှေးနှင်းဆီ ခြောက်စည်းယူမယ်"

"နှစ် စည်းငါးရာနဲ့ ခြောက်စည်းကို ထောင့်ငါးရာထားလိုက် . . . မာမီ မင်းကို ထောင့်ငါးရာ ပေးမယ်။"

"ဗျာ"

ရဲမာန်သွေး အံ့အားသင့်သွားပုံကိုကြည့်ပြီး မာမီကြီး သဘောကျ နှစ် ခြို က်သွားသြည်။

"သားငယ်ရယ် . . . တလွဲတွေ လျှောက်တွေ းမနေပါနဲ့ဟယ်"

"ဟာဗျာ . . . တလွဲမတွေ းပါဘူး . . . ဈေးဦးပေါက် ပန်းခြောက်စည်း ဝယ်မယ်ဆိုလို့ ပျော်လွန်းလို့ပါဗျာ"

"ကဲရော့ . . .ဈေးလည်း လျှော့ပေးလိုက် မယ်၊ လက်ဆောင်အနေနဲ့

ကြယ်တာရာတစ်စည်း လည်း အပိုထည့်ပေးလိုက် မယ်"

ပြောပြောဆိုဆို ကြယ်တာရာတစ်စည်းကို အပိုထည့်ပေးလိုက် သည်။

"နောက်လည်း ကျွန်တော့် ဆီကို အားပေးပါဦးဗျာ"

"သားငယ်ရယ် စိတ်ချပါကွယ်။ မာမီ မင်းဆီကို အမြဲတမ်းလာအားပေးမယ်"

"မာမီနာမည် ကို မှတ်ထားဦးနော်၊ မာမီနာမည် က မာမီသင်း" ဟု သူ့နာမည် ကိုပြောပြီး၊ မာမီသင်းသည်လည်း နှင်းဆီပန်းများ ကို ပွေ့ပိုက်၍ ရဲမာန်သွေး၏ အနားမှ ထွက်သွားတော့သည်။

ပထမဦးဆုံး စျေးဝယ်သူနှင့် တော့ အဆင်ပြေပြေ ဖြစ်သွားပြီ။ နောက်ထပ် စျေးဝယ်လာမည့် သူကို ထပ်ပြီး မျှော်နေပြန်သည်။

သည်တစ်ခါ စျေးဝယ်လာသူက အသက်ကြီးကြီး အဘွားကြီးနှစ် ယောက် ။ နှစ် ယောက် သား နှင်းဆီပန်းများ ကို စိတ်ကြိုက်ရွေးပြီးမှ နှင်းဆီပန်းတွေ က ပွင့်နေသည်ဟုဆိုပြီး နှင်းဆီပန်းများ ကို မဝယ်ဘဲ ပြန်ချသွားကြသည်။ ထိုနည်းတူ စျေးဝယ်သူ သုံး၊ လေးဦးမက မဝယ်ဘဲ လှည့်ပြန်သွား ကြသည်။

ပိုင်ရှင်မဲ့ ဖြစ်နေသော နှင်းဆီပန်းများ ကိုကြည့်ပြီး၊ ရဲမာန်သွေးသည် စိတ်မကောင်း ဖြစ်မိ နေရှာသည်။

ချက်ချင်း ပင် ပွင့်အာနေသည်ဟုထင်ရသော နှင်းဆီပွင့်ချပ်များ ကို တစ်ခုချင်း ခြွေချလိုက် ပြီး၊ နှင်းဆီအငုံလေးများ ဖြစ်အောင် ပြန်လည် ပြင်ဆင်ပေးလိုက် သည်။ ထိုအခါမှ နှင်းဆီပန်းများ သည် ဝယ်သူအကြိုက် ဖြစ်သွားတော့သည်။

"ရေမွှေးနှင်းဆီ ဘယ်လိုရောင်းလဲ"

စျေးဝယ်လာသူကို သူ သေသေချာချာ ကြည့်လိုက်သည်။

ဤတစ်ခါ စျေးဝယ်လာသူက အသက်အရွယ်အားဖြင့် ရဲမာန်သွေးနှင့် သက်တူရွယ်တူ ရှိမည် ဟု ခန့်မှန်းရသည်။ မဲနက်ရှည်လျားလှသော သူ၏ ဆံကေသာကို

ကျစ်ဆံမြီးကျစ်၍ ဘေး နှစ် ဖက်သို့ ခွဲချထားသည်။ မန္တလေးတောင်မြို့ ထည် ဒူးနားချိတ်ဆင် အပြာနုနုဝမ်းဆက်ကို ရိုးရိုး ယဉ်ယဉ်လေး ဝတ်ဆင်ထားသည်။ အပြာနုနုအရောင် သည် ဝါဖန့်ဖန့်ရှိသည့် သူ၏ အသားအရေကို ပိုမိုပေါ်လွင်ထင်ရှားစေသည်။ ယနေ့ခေတ် ရန်ကုန်သူများ ထဲတွင် တွေ့နိုင်ခဲလှသော မြန်မာဆန် သော မိန်းကလေး တစ်ယောက် ဟု ဆိုရပေလိမ့်မည် ။

"ရေမွှေးနှင်းဆီက ဆယ်ပွင့်တစ်စည်းကို သုံးရာပါ။ ယိုးဒယားနှင်းဆီအနီက ငါးရာ။ နှင်းဆီ အဖြူကလည်း ငါးရာ။ ကြယ်တာရာတစ်စည်းကို သုံးရာ"

ထုံးစံအတိုင်း ဈေးနှုန်းကို ရွတ်ပြရပြန်သည်။

"ရေမွှေးနှင်းဆီ သုံးစည်းပေး" ဟု ဆိုရင်း၊ သူ၏ လက်ကိုင်အိတ်ထဲမှ တစ်ထောင်တန် အသစ်တစ်ရွက်ကို ဆွဲထုတ်၍ ရဲမာန်သွေးကို ပေးလိုက် သည်။ သူပေးလိုက် သော ပိုက်ဆံကို လှမ်းယူရင်းဖြင့်

"စိတ်ကြိုက်မရွေးတော့ဘူးလား"

သူက ခေါင်းခါ ပြလိုက်သည်။

"ကြိုက်တာပေးပါ။ မရွေးတော့ဘူး"

"ဒါဆို တစ်ထောင်ဖိုး လေးစည်းယူသွားလိုက်"

"ရော့ . . . " ရဲမာန်သွေး ပေးလိုက် သည့် နှင်းဆီပန်းစည်းကိုယူပြီး သူ ထွက်သွားတော့၏ ။ သူ ထွက်သွားခါနီး တွင် ရဲမာန်သွေးအား ပြုံး ပြခဲ့သေးသည်။ သူ ပြုံး လိုက်စဉ်တွင် သူ၏ သွားချွန် လေးသည် ရုတ်တရက် ထွက်ပေါ်လာသည်။

"ကိုနှင်းဆီ"

ဘေးမှ သစ်သီးရောင်းသည့် ကိုသစ်သီးက ခေါ်လိုက်မှပင် ရဲမာန်သွေး သတိဝင်လာသည်။

လမ်းဘေးဈေးရောင်းကြသူအချင်းချင်း တစ်ဦးနှင့် တစ်ဦး နာမည်

ခေါ်ကြပုံကလည်း ထူးခြား သည်။ သစ်သီးရောင်းသူကို ကိုသစ်သီး။ နှင်းဆီရောင်းသည့် ရဲမာန်သွေးကို ကိုနှင်းဆီ။ ရဲမာန်သွေး ဘေးက ကြက်သွန်နီရောင်းသည့်အစ်မကြီးကို မကြက်သွန်ဟု အချင်းချင်း ခေါ်ဝေါ်ကြသည်။

မည် သူမှ နာမည် အရင်းကို မခေါ် ဖြစ်၊ မမေး ဖြစ်ကြ။

"ကိုနှင်းဆီ ခင်ဗျားဗျာ . . . ပန်းဝယ်တဲ့ ကောင်မလေးကို ငေးချက် ကတော့ မျက်စိ ကျွတ်ထွက်လောက်တယ်"

ကိုသစ်သီးက ပိုပိုသာသာ ပြောလိုက်မှပင် ရဲမာန်သွေးရှက်သလိုလိုတော့ ဖြစ်မိသည်။

"ဟုတ်တယ်ဗျာ။ သူက မြန်မာဆန်ဆန် ရိုးရိုးယဉ်ယဉ်လေး၊ သူ့ဆံပင်ကလည်း တော် တော် ကို ရှည်တယ်နော်၊ သူ့ကိုကြည့်ရတာ မျက်စိအေးတာနဲ့ ငေးမိတယ်ဗျာ၊ နာမည် လေးတောင် မမေး လိုက်ရဘူး"

"ကိုနှင်းဆီတို့ ကတော့၊ ဈေးထွက်တာ တစ်ရက်ပဲရှိသေးတယ်။ ဇာတ်လမ်းတွေ က စချင်နေပြီ။ ပန်းဝယ်သွားတဲ့ ဆံရှည်မလေးက ဟိုဘက်လမ်းထဲမှာ နေတာဗျ . . . "

"စာအုပ်အငှားဆိုင်နဲ့ ခွေငှားဆိုင်တွဲ ပြီး ဖွင့်ထားတယ်"

ကိုသစ်သီးထံမှ ဆံရှည်မလေး၏ သတင်းကို ကြားလိုက်တော့၊ ရဲမာန်သွေး ပျော်မိသည်။

ထိုသို့ ဖြင့် လမ်းဘေးဈေးရောင်းသူအချင်းချင်း တစ်ဦးနှင့် တစ်ဦး စကားတွေ ပြောလိုက်ကြ၊ ဈေးရောင်းလိုက်ကြနှင့် ပင် တစ်နေ့တာ အချိန်များ ကုန်လွန်ခဲ့လေပြီ။

နာရီကိုကြည့်လိုက်ပြန်တော့၊ ညကိုးနာရီ ထိုးခါနီး နေပြီ။ ဈေးဝယ်လာသူလည်း အနည်း ငယ် ကျဲစပြုနေပြီ ဖြစ်သဖြင့် ရဲမာန်သွေးသည်လည်း ဈေးသိမ်းရန် ပြင်ဆင်တော့သည်။

လက်ကျန် နှင်းဆီပန်းများ ကို ရေဆွတ်လိုက်သည်။ ပြီးမှ ပီနံအိတ်ဖြင့်

လိပ်လိုက်သည်။ ထို့နောက် ပန်းထုပ်ကိုထမ်း၍ သူ နေထိုင်သည့်တိုက်ခန်းကို လမ်းလျှောက်၍ ပြန်လာခဲ့သည်။ သူနေထိုင်သည့် တိုက်ခန်းနှင့် ညဈေးသည် သိပ်ပြီးမဝေးလှ။ သူနေထိုင်ရာတိုက်ခန်းက ဗားကရာ ထိပ်ဆိုတော့၊ လမ်းလျှောက်ပြီးပြန်လျှင် ဆယ်မိနစ်ခန့်သာ လမ်းလျှောက်ရသည်။

ပန်းထုပ်ကို ထမ်း၍ ဝင်လာသည့် ရဲမာန်သွေးကို ကြည့်ပြီး အောင်မျိုးမင်းနှင့် မျိုးဝင်းဇော်တို့ အသံထွက်၍ ရယ်လိုက်ကြသည်။ သူတို့နှစ် ယောက် ရယ်မယ်ဆိုလည်း ရယ်ချင်စရာပင်။

ရဲမာန်သွေး၏ ပုံစံက တကယ့်ဈေးသည်ကြီးနှင့် တူနေသည်။ ပုဆိုးကို ခပ်တိုတိုဝတ်ထားပြီး၊ လွယ်အိတ်တစ်လုံးကို ဘေးသို့ စလွယ်သိုင်း၍ လွယ်ထားလိုက်သေးသည်။ ဆံပင်ကလည်း မသပ်မရပ်နှင့် ဖွာလန်ကျဲနေသည်။ အင်္ကျီကလည်း ဖရိုဖရဲနှင့် ပင်။

"ဟေ့ကောင်တွေ ဘာရယ်တာလဲ"

ဝရန်တာ၌ ပန်းထုပ်ကိုချရင်း ပြောလိုက်သည်။

"ရဲမာန် မင်းပုံစံကို မှန်ထဲပြန်ကြည့်လိုက်ဦး။ မင်းက တကယ့်ဈေးသည်နဲ့ တူနေတယ်"

အောင်မျိုးမင်းသည် တီဗွီကြည့်နေရင်း ပြောလိုက်သည်။

"ဟုတ်ပ့ါဗျာ။ ကိုရဲမာန်က ဈေးရောင်းတာတစ်ရက်တည်းပဲ ရှိသေးတယ်။ တကယ့်ကို ဈေးသည်နဲ့ တူတယ်"

သူ၏ အပြောကို မျိုးဝင်းဇော်ကပါ ထပ်ဆင့် ထောက်ခံလိုက်သည်။

"အောင်မျိုးနဲ့ ကရင်ကြီးရာ ငါ့ဘဝက ခုချိန်မှာ အလှသမားမဟုတ်ဘူးကွ၊ ဘဝသမား ဖြစ်နေပြီ"

"ငါက မင်းတို့လို ကျောင်းတက်နေတဲ့ ကျောင်းသားလည်း မဟုတ်တော့ဘူး၊

လုပ်ဖို့လည်း မလိုတော့ဘူး၊ ရန်ကုန်ကိုလာတာ ငါ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ ရောက်လာတာ၊ ငါ့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နေတဲ့ အချိန်မှာ ရိုးရိုးသားသား ကိုယ့်အလုပ်ကိုယ်လုပ် တာ . . . မရှက်ပါဘူးကွာ . . . "

ရဲမာန်သွေးသည် သူ၏ လွယ်အိတ်ထဲက ပိုက်ဆံများ ကို ရေတွက်ရင်းဖြင့် ပြောလိုက်လေ သည်။

ရဲမာန်သွေးသည် အောင်မျိုးမင်း၏ သူငယ်ချင်း မျိုးဝင်းဇော်ကို သူ့သူငယ်ချင်း ခေါ်သည့် အတိုင်း "ကရင်ကြီး" ဟု ခေါ်၏ ။

•••

- ၅ -

"မင်းက ဘာ ဖြစ်လို့ စာရေး ဆရာ ဖြစ်ချင်ရတာ တုံး"

အသက်ခြောက်ဆယ်အရွယ်ရှိ စာရေး ဆရာကြီး တက္ကသိုလ် သျှင်လွမ်းနိုင်က ရဲမာန်သွေး ကို လေသံအေးအေးဖြင့် မေးလိုက်သည်။ ဆရာကြီး၏ အမေးကို ရဲမာန်သွေး ချက်ချင်း ကိုမဖြေနိုင်။ သူနှင့် အတူ အဖော်လိုက်လာပေးသည့် အောင်မျိုးမင်းကို တစ်ချက်ကြည့်လိုက်သည်။ အောင်မျိုးမင်းက သူ့ကို မျက်စပစ်ပြလိုက်သည်။

"ကျွန်တော့် ရဲ့ ခံစားချက်တွေ ရယ် . . . စိတ်ကူးတွေ ရယ် . . . ဘဝခံယူချက်တွေ ရယ် . . . ကျွန်တော် လေ့လာသိမှတ်ခဲ့ရတဲ့ အသိပညာတွေ အတတ်ပညာတွေ ကို တခြားလူတွေ ကို မျှဝေ ပေးချင်တဲ့ ဆန္ဒရှိလို့ စာရေး ဆရာ ဖြစ်ချင်တာပါ"

သူ၏ အဖြေကို စာရေး ဆရာကြီး တက္ကသိုလ်သျှင်လွမ်းနိုင် သဘောကျ နှစ် ခြို က်သွားသည်။

"မင်းခံယူထားတဲ့ ခံယူချက် ကတော့ ကောင်းပါတယ်။ မင်းရေး ထားတဲ့ ဝတ္ထု တိုလေးတွေ ကို ဖတ်ကြည့်တော့လည်း စာ အရေး အသား သွက်တယ်။ အတွေ းလေးတွေ

လည်း ကောင်းတယ်။ စကားလုံး အသုံးအနှုန်းလေး နည်းနည်း ဖောင်းပွတာပဲရှိတယ်"

"အခုမှ စာစပြီးရေး တာပဲ ဒီလောက် ကတော့ ရှိမှာ ပေါ့ကွာ"

"ဆရာစပြီး စာစရေး တုန်းကဆို မင်းထက်တောင် ပိုဆိုးသေးတယ်။ မင်းအရေးအသားက စာရေး ဆရာ ဖြစ်နိုင်တဲ့ လက်ရာမျိုးပဲ"

ရဲမာန်သွေးသည် သူ၏ ဝတ္ထုတိုများ နှင့် ပတ်သက်ပြီး ဆရာကြီး တက္ကသိုလ်သျှင်လွမ်းနိုင်၏ မှတ်ချက်ကို သိရပြန်တော့လည်း အတော့်ကို အားတက်မိသည်။ စာရေး ဆရာ ဖြစ်နိုင်သည်ဟု ဆိုသည့် မှတ်ချက်စကားက ရဲမာန်သွေးအတွက် အားဆေးတစ်ခွက်ပမာ အားရှိလွန်းလှသည်။ ထို့နောက် ဆရာကြီးသည် ရဲမာန်သွေးကြိုက်နှစ်သက် သော စာရေး ဆရာကြီးများ ၏ အမည် ကို မေးလိုက်သည်။

"မင်းက ဘယ်စာရေး ဆရာတွေ ကို ကြိုက်လဲ"

"ကျွန်တော် ကြိုက်တဲ့ စာရေး ဆရာတွေ က အများ ကြီးပဲဗျ"

"ကျွန်တော် ဖတ်ဖူးတဲ့ စာရေး ဆရာတွေ ထဲကဆိုရင် ဝတ္ထုလိုင်းထဲကဆို ဂျာနယ်ကျော် ဦးချစ်မောင်တို့၊ ဂျာနယ်ကျော်မမလေးတို့ ဆရာသော်တာဆွေတို့ကို ကြိုက်တယ်၊ နောက်ထပ် ကြိုက်တာက ဆရာမ ကြီး ခင်နှင်းယု၊ တက္ကသိုလ်ဘုန်းနိုင်၊ ဆရာငြိမ်းကျော်၊ ဆရာမ မိုးမိုး (အင်းလျား) တို့ကို ကြိုက်တယ်"

"ဆရာအီကြာကွေးနဲ့ ဆရာရဲ့ ဝတ္ထုတွေ လည်း ကြိုက်တယ်"

ရဲမာန်သွေး ပြောလိုက်တော့၊ ဆရာကြီး၏ မျက်နှာပြင်တွင် အပြုံး ပန်းများ ဝေဝေဆာဆာ ဖူးပွင့်သွားသည်ကို ရဲမာန်သွေး သတိထားလိုက်မိသည်။ ထို့နောက် ရဲမာန်သွေးသည် သူကြိုက်နှစ် သက်သည့် စာရေး ဆရာမျာ း ၏ အမည် ကို ထပ်ပြီး ရွတ်ပြပြန်သည်။

"လယ်တွင် းသားစောချစ်တို့၊ မောင်စိန်ဝင်း (ပုတီးကုန်း) တို့၊ ဆရာနွမ်ဂျာသိုင်းတို့လည်း ကြိုက်တယ်"

"ကြပ်ကလေးတို့၊ သုမောင်တို့၊ မင်းလူတို့ရဲ့ စာအရေး အသားတွေ လည်း ကြိုက်သေး တယ်ပဲ၊ သူတို့အရေး အသားတွေ က ရယ်ရတယ်။ လူ့သဘာဝ လူ့စရိုက်တွေ ကို ရိုးရိုးရှင်းရှင်းလေး ရေး ထားတယ်"

"နောက်ပြီးတော့ ဝတ္ထုတို အရေး အသားထဲမှာ ဆိုရင် . . . ဆရာမ ကြီး ကြူကြူသင်းတို့ ဆရာမ မစန္ဒာတို့၊ အညာသူ အညာသားတွေ ရဲ့ အကြောင်းကိုရေး တဲ့ ဆရာမ ခင်ခင်ထူးတို့ကို အကြိုက်ဆုံးပဲ"

"အခု ကျွန်တော် ပြောတဲ့ ဆရာကြီးတွေ ရဲ့ ဝတ္ထုတွေ ကို ကျွန်တော် အဖတ်အများ ဆုံးပဲ"

"ဟ . . . မင်းကြိုက်တဲ့ စာရေး ဆရာတွေ က များ လှချည်လား . . . "

ဆရာကြီးက ပြောတော့၊ ရဲမာန်သွေး ပြုံး လိုက်သည်။ ထို့နောက် ဆရာကြီးသည် ရဲမာန် သွေးအား စာရေး သားခြင်းအကြောင်းကို ဆွေးနွေးပေးသည်။

"တကယ်တော့ စာစပြီးရေး မယ်ဆိုရင် ကိုယ်ခံစားရတာ ကိုပဲ ရေး သင့်တယ်။ ကိုယ်သိတာ ကိုယ်တတ်တာကို ရေး သင့်တယ်။ မသိတာ . . . မတတ်တာကို စပြီးရေး မယ်ဆိုရင် ရေး တဲ့စာက အသက်မဝင်ဘူး။ ဒါကြောင့် မို့ ကိုယ်မသိတာ၊ မတတ်တာကို မရေး နဲ့ဦးလို့ ပထမဦးဆုံးအနေနဲ့ ဆရာက မင်းကို အကြံပေးချင်တယ်ကွာ"

"ကိုယ်က စာမရေး တတ်သေးရင် ပထမဦးဆုံး အတုယူ တတ်အောင်လုပ်။ ကိုယ့်ရှေ့မှာ ရေး ခဲ့တဲ့ စာရေး ဆရာကြီးတွေ မှန်သမျှဟာ ကိုယ့်ရဲ့ ဆရာတွေ ချည်းပဲလို့ အောက်မေ့။ တကယ် တော့ . . . ဆရာ့ ဆရာကြီးတွေ ရဲ့ စကားနဲ့ ဆရာ မင်းကို ပြောရရင်တော့ကွာ 'စု၊ တု၊ ပြု' လုပ်ပေါ့။ ဆရာကြီးတွေ 'စု၊ တု၊ ပြု' လို့ ပြောခဲ့တာဟာ . . . အင်မတန်ကို အဓိပ္ပာယ်ရှိတယ်"

"မစုတတ် မပြုတတ်ရင်၊ ကိုယ်တိုင်ပြုဖို့ဆိုတာ မလွယ်ဘူး။ ဒါကြောင့် မို့လို့ စုတတ် ပြုတတ် အောင် စာများများ ဖတ်ပါလို့ပဲ ဆရာက မင်းကို အကြံပြုချင်တယ်ကွာ"

''ကဲပါ ဒါတွေ ထားလိုက်တော့ . . . ဝတ္ထုနဲ့ပတ်သက်တဲ့ စာပေဆောင်းပါးတွေ ကိုရော မင်း . . . ဖတ်ဖူးလား''

ရဲမာန်သွေး ခေါင်းခါပြလိုက်သည်။

''အေး . . . မင်း မဖတ်ဖူးသေးဘူးဆိုရင်တော့ အပြန်ကျရင် ဆရာ မင်းကို စာအုပ်နှစ် အုပ် လက်ဆောင်ပေးလိုက် မယ်။ ဆရာ့ရဲ့ စာပေလက်ဆောင်ပေါ့ကွာ''

ထို့နောက် ဆရာကြီးသည် ထိုင်နေရာမှ ထလိုက်ပြီး စာအုပ်စင်သို့ သွားကာ၊ စာအုပ်ရှာ တော့သည်။ ဆရာကြီး၏ တိုက်ခန်းသည် စာအုပ်စင်များ ၊ စာအုပ်ဗီရိုများ ဖြင့် တစ်ခန်းလုံး ပြည့်ကျပ် နေသည်။ တိုက်ခန်းထောင့်ရှိ စားပွဲတစ်လုံးပေါ်တွင် လည်း စာအုပ်ပုံကြီးက မနည်းမနောပင်။

''ရော့ . . . ဆရာကြီး ဦးအောင်သင်းစာအုပ်နဲ့ ဆရာဦးသာဓု စာအုပ်တွေ ယူသွား . . .''

''အဲဒီ စာအုပ်တွေ က စာရေး ချင်သူအတွက်တော့ တကယ့် ရွှေပဲ''

''ဒီစာအုပ်နှစ် အုပ်ကို ဖတ်ပြီးရင် ဝတ္ထုတိုတစ်ပုဒ်ကို ဘယ်လို စရေး ရတယ်ဆိုတာကို မင်း ကောင်းကောင်း သိလာလိမ့်မယ်''

ဟု ပြောပြီး၊ ဆရာကြီး ဦးအောင်သင်း၏ 'အောင်သင်းအကြိုက်ဆုံး ဝတ္ထုတိုများ နှင့် သုံးသပ် ချက်များ ' စာအုပ်နှင့် ဆရာကြီးဦးသာဓု၏ 'သာဓုရေး နည်း ဝတ္ထုတိုများ ' စာအုပ်နှစ် အုပ်ကို ရဲမာန်သွေးအား ပေးလိုက် ၏ ။

ရဲမာန်သွေးသည် ဆရာကြီး ပေးလိုက် သည့် စာအုပ်နှစ် အုပ်ကို ကောက်ကိုင်၍ စာအုပ်၏ အမည် များ ကို စိတ်ထဲကနေ ဖတ်ကြည့်နေမိ၏ ။ နောက်ထပ်ဆရာကြီးပြောမည့် စကားများ ကို ရဲမာန်သွေးသည် မျက်လုံးလေး ကလယ်ကလယ်နှင့် စောင့်ဆိုင်းနေ၏ ။

''ဒီနေ့တော့ . . . ဒီလောက်ပဲ ဆွေးနွေးပေးမယ်။ သော ကြာနေ့အပတ်တိုင်း၊ ဆရာ့ဆီကို မင်း ပုံမှန်လေးလာခဲ့။ စာပေနဲ့ပတ်သက်ပြီး၊ မင်းနဲ့ ငါ ငြင်းခုံကြတာပေါ့ကွာ''

ဆရာကြီး၏ စကားဆုံးသည်နှင့် ရဲမာန်သွေးသည် သူ၏ အနားမှာ ထိုင်နေသော အောင်မျိုး မင်းကို ကြည့်လိုက်သည်။ အောင်မျိုးမင်းသည် ဆရာကြီးနှင့် ရဲမာန်သွေးတို့နှစ် ဦး ပြောဆိုနေကြ သည့် စာပေစကားဝိုင်းထဲသို့ ဝင်၍ စကားမပြောဘဲ၊ သူ၏ လက်ကိုင်ဖုန်းနှင့် ဂိမ်းကစားနေ၏ ။ ထို့နောက် ရဲမာန်သွေးနှင့် အောင်မျိုးမင်းတို့သည် ဆရာကြီးကို နှုတ်ဆက်ပြီး၊ ဆရာကြီး၏ တိုက်ခန်းမှ နှစ် ယောက် သား ပြန်လာခဲ့ကြသည်။

•••

- ၆ -

## 'ရွှေပြည်သစ် စာအုပ်နှင့် ဗီဒီယိုအခွေငှားဆိုင်'

ရဲမာန်သွေးသည် ဆိုင်းဘုတ်၏ အမည် ကို အသံထွက်၍ ဖတ်ကြည့်သည်။ ဆိုင်ပေါက်ဝမှ နေ၍ ဆိုင်အတွင် းသို့ လှမ်းကြည့်လိုက်သည်။ အခန်းတစ်ခုလုံးတွင် စာအုပ်စင်များ ဖြင့် ပြည့်ကျပ် နေ၏ ။ အဝေးက လှမ်းမြင်ရသည်နှင့် ပင် စာအုပ်အမျိုးအစား စုံစုံလင်လင် ရှိနေမည် ဟု ယူဆရ သည်။ ဆိုင်ရှေ့မျက်နှာစာတွင် လည်း ဗွီဒီယိုဇာတ်ကားကြော်ငြာ ပိုစတာမျိုးစုံကိုလည်း ချိတ်ဆွဲ ထားသေးသည်။

ထို့နောက် ဆိုင်အတွင် းသို့ မျက်စိဝေ့၍ ကြည့်လိုက်စဉ်တွင် ကုလားထိုင်တစ်လုံးပေါ်၌ စမတ်ကျကျထိုင်၍ စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီး ဖတ်ရှုနေသော သူနှင့် သက်တူရွယ်တူ အမျိုးသမီးငယ်တစ်ဦးကို လှမ်းတွေ့လိုက်သည်။ ထိုအမျိုးသမီးငယ်မှာ ကိုသစ်သီး နာမည် ပေးထား သည့် ဆံရှည်မလေး ဖြစ်နေသည်။ ဆိုင်အတွင် းသို့ ချက်ခြင်းမဝင်သေးဘဲ၊ ဆိုင်ပေါက်ဝမှနေ၍ အသံပြုလိုက်သည်။

"စာအုပ် ငှားချင်လို့ဗျို့"

သူ့အသံကို ကြားလိုက်ရတော့မှ အမျိုးသမီးငယ်သည် သူဖတ်နေသော စာအုပ်ကို ကုလားထိုင်ပေါ်တွင် တင်ထားခဲ့ပြီး၊ ဆိုင်ရှေ့ကို ခပ်သွက်သွက်လေး

ထွက်လာသည်။ သူ၏ မည်းနက်ရှည်လျားလှသည့် ဆံပင်ကို ဖားလျားချထားပြီး၊ စံပယ်ပန်းကုံးလေးကို ပန်ဆင်ထား သည်။

''ဝတ္ထုငှားမှာ လား . . . မဂ္ဂဇင်း ငှားမှာ လား . . . အခွေငှားမှာ လား''

သူ၏ အမေးကို မဖြေနိုင်ဘဲ၊ သူ့ကို ငေးကြည့်မိသည်။ သူ့အကြည့်ကြောင့် ဆံရှည်မလေး ရှက်သွေးဖြာသွားသည်။

''ပြော . . . ဘာစာအုပ်ငှားမှာ လဲ ဒီမှာ ဝတ္ထုဖတ်နေတာ ကောင်းခန်းရောက်နေပြီ၊ အချိန် မရဘူး ပြောစရာရှိတာ မြန်မြန်ပြော . . . ငှားစရာရှိတာ မြန်မြန်ငှား . . .''

ဆံရှည်မလေးက စကားကို တိုတိုနှင့် လိုရင်း၊ ဘုကျကျ ပြောလိုက်သည်။

''ဝတ္ထုငှားမှာ ပါ''

''ဘာ . . . ဝတ္ထုလဲ၊ ပြော . . .''

ရဲမာန်သွေးသည်လည်း သူ့စိတ်ထဲတွင် ရှိနေသည့် ဝတ္ထုစာအုပ် နှစ် အုပ်၏ အမည် ကို ရွတ်ပြ လိုက်သည်။

''စာရေး ဆရာ မင်းလူရဲ့ 'အချစ်လားဟေ့ . . . ဝင်ခဲ့လေ' ဆိုတဲ့ စာအုပ်နဲ့ စာရေး ဆရာ သုမောင်ရဲ့ 'ချစ်တယ်' ဆိုတဲ့ စာအုပ်နှစ် အုပ်ကို ငှားချင်လို့ပါ''

ရဲမာန်သွေး၏ ဝတ္ထုစာအုပ်အမည် များ ကို ကြားလိုက်ရတော့ သူ နှုတ်ခမ်းစူလိုက်သည်။ မျက်စောင်းတစ်ချက်လည်း ခဲလိုက်သေးသည်။ သူ့ကို ရိသဲ့သဲ့ လာလုပ်နေသည်ဟု သူ ထင်နေသည်။

''ခဏစောင့် . . .''

ပြောပြောဆိုဆိုနှင့် ပင် နောက်ဖေးခန်းထဲသို့ ဝင်သွားသည်။ ခဏကြာတော့ စာအုပ်နှစ် အုပ် ကို ကိုင်၍ ထွက်လာသည်။ စာအုပ်ကို ရဲမာန်သွေး၏ လက်ထဲ ထည့်ပေးရင်းဖြင့် . . .

''စာအုပ်ပေါင်ကြေး ပေးရမယ်။ တစ်အုပ်ကို တစ်ထောင်။ နှစ် အုပ်ဆိုတော့ နှစ်ထောင် ပေးရမယ်'' စာအုပ်ပေါင်ကြေးပေးရမည် ဆိုသည်နှင့် ရဲမာန်သွေး မျက်ခုံးတွန့်လိုက်မိ၏ ။

''ဗျာ''

''ကျွန်တော့် မှာ ထောင့်ငါးရာပဲ ပါတယ်ဗျာ့။ နှစ် ထောင်တော့ မပါဘူး''

အိတ်ထောင်အတွင် းကို နှိုက်ကြည့်ရင်းဖြင့် ပြောလိုက်သည်။ တကယ်ပဲ သူ၏ အိတ်ထောင် ထဲမှာ ပိုက်ဆံထောင့်ငါးရာသာပါလာခဲ့သည်။

''ရှင်. . . စာအုပ်လာငှားတာ မဟုတ်ဘဲနဲ့။ လူကို ရီသဲ့သဲ့လုပ်ဖို့လာတာ မဟုတ်လား . . .''

ဆံရှည်မလေးက သူ့ကို လေသံခပ်မာမာဖြင့် ရန်တွေ့လိုက်သည်။ မျက်နှာထားလည်း ပို၍ တင်းသွားသည်။ ထို့နောက် ရဲမာန်သွေးသည် မျက်နှာငယ်လေးဖြင့် သူ့ကို တစ်ချက် လှမ်းကြည့် လိုက်သည်။ ပြီးမှ လေသံအေးအေးဖြင့် တောင်းပန်စကား ဆိုလိုက်သည်။

''မဟုတ်ဘူးခင်ဗျာ့ . . . ဈေးရောင် းရာကနေ လာခဲ့ရလို့၊ ကျွန်တော့် မှာ တကယ့်ကို ပိုက်ဆံ ထောင့်ငါးရာပဲပါခဲ့လို့ပါ၊ ကျွန်တော် က ဘဝသမား လက်တွေ့သမားပါ၊ ကျွန်တော် စိတ်ကူး မယဉ် တတ်ဘူးခင်ဗျာ့''

ဆံရှည်မလေးသည် သူ့ကို သနားသွားဟန်ရှိသည်။ စကားကို ဘုကျကျ မပြောတော့ဘဲ၊ ချိုချိုသာသာ ပြေပြေပြစ်ပြစ် ပြောလိုက်သည်။

''ကဲ . . . မပါရင်လည်းနေတော့ . . . ပါတဲ့ပိုက်ဆံပဲ ပေးခဲ့''

ထို့နောက် ရဲမာန်သွေးသည် သူ၏ အင်္ကျီအိတ်ထောင်အတွင် းမှ ပိုက်ဆံကို ထုတ်ပေးလိုက် သည်။

''ဒါနဲ့ ရှင့်နာမည် က . . .''

"ရဲ . . . မာန် . . . သွေး . . . "

နာမည် ကို တစ်လုံးချင်းပြောခဲ့ပြီး စာအုပ်အငှားဆိုင်အတွင်းမှ ထွက်လာစဉ်၊ ဆယ်နှစ် အရွယ် ကလေးမလေးတစ်ဦးနှင့် အသက် လေးဆယ်အရွယ်ရှိမည် ဟု ခန့်မှန်းရသည့် အမျိုးသမီး တစ်ဦးသည် ဆံရှည်မလေး၏ ဆိုင်အတွင်းသို့ ဝင်လာသည်။

"မမသော် . . . ဒီနေ့ထွက်တဲ့ အခွေသစ် ရောက်ပြီလား . . . "

ကလေးမလေးက အရင်မေးသည်။

နောက်တစ်ဦးကလည်း

"ချိုဇင်သော်ရေ . . . ဒီလထုတ် ရွှေအမြုတေမဂ္ဂဇင်း အသစ်ရောက်ပြီလား"

ဆိုင်ပေါက်ဝမှနေ၍ ရဲမာန်သွေးသည် ဆံရှည်မလေးကို တစ်ဖန် လှည့်ကြည့်မိသည်။ စိတ်ထဲမှနေ၍ ဆံရှည်မလေး၏ နာမည် ကို ရေရွတ်မိသည်။

"သြော် . . . သူ့နာမည် က မမသော် . . . ချိုဇင်သော်တဲ့လား"

ထိုနေ့မှစ၍ ရဲမာန်သွေးသည် နေ့စဉ်အလုပ်တစ်ခု ထပ်တိုးလာသည်။

နံနက်ပိုင်းတွင် စာဖတ်ခြင်း၊ စာရေး ခြင်းနှင့် ညနေပိုင်းတွင် ဈေးထွက်ရောင်းခြင်းတို့ဖြင့် အချိန်တွေ ကုန်မှန်းမသိ ကုန်လွန်ခဲ့ပြီ။ ရဲမာန်သွေး ရန်ကုန်ကို ထွက်လာခဲ့သည်မှာ (၈) လပင် ပြည့်ခဲ့ချေပြီ။

စာအုပ်ဆိုင်ကိုလည်း ရဲမာန်သွေး နေ့တိုင်းရောက် ဖြစ်ခဲ့သည်။ စာအုပ်ဆိုင်က ဆံရှည် မလေး ချိုဇင်သော်နှင့် လည်း ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ရှိနေကြပြီ။

တစ်ခါတစ်ရံတွင် သူနှင့် ဆံရှည်မလေး ချိုဇင်သော်တို့ ဝတ္ထုတိုများ ၏ အကြောင်းကို ဆွေးနွေး ဖြစ်ကြသည်။ အထူးသဖြင့် လစဉ်ထုတ်မဂ္ဂဇင်းများ တွင် ဖော်ပြခံရသည့် ကလောင်သစ် များ ၏ ဝတ္ထုတိုများ ကို သူ့အမြင် ကိုယ့်အမြင် ဆွေးနွေး ဖြစ်ကြသည်။

...

- ၇ -

အောင်မျိုးမင်းသည် သူ၏ ဇာတိမြေကို အလည်ပြန်ရန်အတွက် အထုပ်အပိုးများ ပြင်ဆင် နေသည်။

သူ၏ ဘေးတွင် ရဲမာန်သွေးသည် မလှုပ်မယှက်ဖြင့် ထိုင်ကြည့်နေမိသည်။ သူ၏ ပုံစံက တစ်ခုခုကို စဉ်းစားနေဟန်တူ၏ ။ ကရင်ကြီးသည်လည်း အောင်မျိုးမင်းတို့၏ ဇာတိမြေကို အလည် လိုက်ရန်အတွက် သူလည်း အထုပ်အပိုး ပြင်ဆင်နေသည်။

''ရဲမာန် ရွာဘုရားပွဲကို မင်း တကယ်ပြန်မလိုက်ဘူးလား''

အောင်မျိုးမင်း၏ စကားကြောင့် ရဲမာန်သွေးသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက် သည်။

''ပြန်လိုက်ချင်တာပေါ့ အောင်မျိုးရာ . . . ငါ့ကို စာရေး ဆရာအ ဖြစ် စာပေအသိုင်းအဝိုင်း ကမှ အသိအမှတ်မပြုသေးတာ မဂ္ဂဇင်းတွေ မှာ ပို့ထားတဲ့၊ ငါ့ရဲ့ ဝတ္ထု တိုတွေ လည်း တစ်ပုဒ်တစ်လေ မှ မပါဖူးသေးတာ . . . ''

ဆွေးဆွေးမြေ့မြေ့ ဖြစ်နေသည့် ရဲမာန်သွေးကို ကြည့်ပြီး၊ ကရင်ကြီး နားမလည်သလို ဖြစ်မိ သည်။

''ကိုရဲမာန်ရာ . . . မဂ္ဂဇင်းမှာ ဝတ္ထုတိုတွေ မပါတာနဲ့ ရွာကို ပြန်မလိုက်တာ . . . ဘာဆိုင်လို့ လဲဗျာ''

''ဆိုင်တာပေါ့ ကရင်ကြီးရာ . . . ရွာကလူတွေ ကို ငါက ကြွားလုံးထုတ်ခဲ့တာကွ''

''စာရေး ဆရာ မ ဖြစ်ဘဲ ရွာကို ဘယ်တော့မှ ပြန်မလာဘူးလို့လည်း ငါ ကြွေးကြော်ခဲ့သေး တယ်။ စာရေး ဆရာ မ ဖြစ်သေးဘဲ ရွာကိုပြန်ရင် ရွာကလူတွေ က ငါ့ကို ကဲ့ရဲ့ ကြမှာ ဝိုင်းဟားကြမှာ ပေါ့''

''ငါပြောခဲ့တဲ့ စကားကို ငါ . . . တန်ဖိုးထားတယ် ငါ့စကားကို ငါတည်အောင် ကြိုးစားရ မယ်လေ။ ရွာကိုလွမ်းလို့ သေချင်သေပါစေ။ ငါ့ရည်မှန်းချက်အတိုင်းမ ဖြစ်ဘဲ ဘယ်တော့မှ ရွာကို ငါ မပြန်ဘူး''

ပြတ်သားလှသည့် စကားတွေ ပြောနေပေမဲ့လည်း သူ၏ ရင်ထဲမှာ တော့၊ ဇာတိမြေ ရွာလေးကို သတိရ လွမ်းဆွတ်နေမိသည်။

အောင်မျိုးမင်းနှင့် ရဲမာန်သွေးတို့၏ ဇာတိမြေ ရွာကလေးသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့ နယ်အတွင်း း၌ တည်ရှိသည်။ ရွာ၏ အမည် က ဥဒိန်ရွာ ဖြစ်သည်။

မန္တလေးမြို့ ၏ မြောက်ဘက် မတ္တရာမြို့ ထိ (၂၁) မိုင်၊ မတ္တရာမြို့ ၏ အနောက်ဘက် (၆) မိုင် အကွာ၌ တည်ရှိသည်။ ဧရာဝတီမြစ်၏ ကမ်းနဖူးတွင် တည်ရှိပြီး၊ ဧရာဝတီမြစ်ရေဝင်သည့် ရွာကလေး။ အိမ်ခြေပေါင်း ရှစ်ရာကျော်ရှိသော ရွာကြီးတစ်ရွာလည်း ဖြစ်သည်။ ရွာ၏ အဓိက စီးပွားရေး မှာ စိုက်ပျိုးရေး လုပ်ငန်းကိုသာ လုပ်ကိုင်ကြသည်။ ဆောင်းမြေပဲ၊ ပဲမျိုးစုံနှင့် မိုးပဲတီစိမ်း၊ မိုးနှမ်းတို့ကို အဓိက စိုက်ပျိုးကြသည်။

အခုလို ဝါခေါင်လ ဘုရားပွဲတော် ချိန်ရောက်ရင်၊ တစ်ရွာလုံး ဘုရားပွဲတော် အတွက် ကျွေးဖို့ မွေးဖို့ ပြင်ဆင်နေကြလောက်ပြီ။ ဧရာဝတီမြစ်ရေ တက်ချိန် ဖြစ်သည့်အတွက် ရွာပတ်လည်မှာ လည်း ဧရာဝတီမြစ်ရေတွေ ဖွေးဖွေးဖြူနေလောက်ပြီ။ ဘုရားပွဲမုန့်များ ဖြစ်သော မုန့်ဖက်ထုပ်၊ ကောက်ညှင်းထုပ်နှင့် ထိုးမုန့်များ ပြုလုပ်ရန်အတွက် ကောက်ညှင်းမှု န့်များ ထောင်းနေကြသည့် မောင်းထောင်းသံများ သည်လည်း တစ်ရွာလုံး ညံနေလောက်ပြီ။

ရဲမာန်သွေးသည် သူ၏ ဇာတိမြေ ဥဒိန်ရွာအကြောင်းကို တွေ းနေရင်းဖြင့် ချက်ချင်း ပင် ရွာကို ပြန်ချင်မိသည်။

အခုလို လေးငါးခြောက်လကြာအောင်ပင်၊ ရွာကနေ တစ်ကြိမ်တစ်ခါမှ သူ မခွဲခွာဖူးသေး ပေ။

စာရေး ဖို့ ကြိုး စားနေသူပီပီ ရွာကိုလွမ်းနေရသည့် သူ၏ အလွမ်းများ ကို အက်ဆေး (ရသ စာတမ်း) တစ်ပုဒ်အနေဖြင့် စာရွက်ဖြူများ ပေါ်တွင် ခံစားချက်အပြည့်ဖြင့် ချက်ချင်း ကမ္ဘည်းတင် လိုက်သည်။

"ကိုရဲမာန် ဘာတွေ သဲကြီးမဲကြီး ရေး နေရတာ လဲ"

ကရင်ကြီးက မေးလိုက်တော့၊ ရဲမာန်သွေးသည် သူ ရေး သားထားသော စာရွက်များ ကိုသာ ပေးလိုက် သည်။ သူ၏ အက်ဆေးကိုဖတ်ပြီး ကရင်ကြီး ဘာမှတ်ချက်များ ပြောလေမလဲဟူသော အတွေ းဖြင့် ကရင်ကြီး၏ အဖြေကို ရင်ခုန်စွာ ဖြင့် ရဲမာန်သွေး စောင့်မျှော်နေမိသည်။

"ကိုရဲမာန်ရဲ့ အက်ဆေးက အရမ်းမိုက်တယ်"

"ခိုက်သွားပြီဗျာ"

"ကျွန်တော် တောင် ချက်ချင်း ရွာပြန်ချင်သွားပြီ . . . ရွာကို လွမ်းနေရင်လည်း ပြန်ပါ့လား ဗျာ"

"ကျွန်တော် လည်း ကိုရဲမာန်တို့ရွာကို အလည်လိုက်မှာ ပဲ၊ သုံးယောက် သား ပျော်ပျော်ပါးပါး ပြန်ကြရအောင်လား"

"ငါ့ရဲ့ စာကိုဖတ်ပြီး ချီးကျူး ပေးတဲ့အတွက် မင်းကို ကျေးဇူးတင်တယ်"

"အနုပညာသမားလုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့သူက လွမ်းတဲ့ဒဏ်ကိုလည်း ခံနိုင်ရည်ရှိရ မယ်"

"ထမင်းအငတ်လည်း ခံနိုင်ရမယ်။ ငါက အခု ထမင်းမငတ်သေးပေမဲ့ လွမ်းနေရတဲ့ဒဏ်ကို လည်း ငါ ခံနိုင်အောင် ခံမယ်ကွာ"

"နောက်ဆုံး ကုန်ကုန်ပြောမယ်ကွာ။ ရွာကိုလွမ်းလို့ သေချင် သေ သွားပါစေ။ ငါ့ရဲ့ ရည်ရွယ် ချက်မပြည့်သေးဘဲ ငါ ဘယ်တော့မှ မပြန်ဘူး"

"ကြိုက်တယ်ဗျာ . . . ကြိုက်တယ်"

"ကိုရဲမာန်ဆီက ပြတ်သားတဲ့စိတ်ကို ကျွန်တော် က သဘောကျတယ်၊ ဒါနဲ့ နေ့လယ်က ကိုရဲမာန်နာမည် နဲ့ စာတစ်စောင် စာတိုက်ကနေ လာပို့ထားတယ်။ အဲဒီ စာကို အောင်မျိုးဆီမှာ ကျွန်တော် ပေးထားတယ်"

ကရင်ကြီးက စာတစ်စောင်ရောက်နေသည် ဆိုသည်နှင့် ရဲမာန်သွေး အံ့ဩမိသည်။ ရဲမာန်သွေးသည် မည် သူ့ဆီကိုမှ စာရေး ပြီး မဆက်သွယ်၊ သူ့ဆီကို စာတစ်စောင်ရောက်နေ သည်က သူ့အတွက် ထူးဆန်းနေသည်။ ထိုစာအကြောင်းကို စဉ်းစားမိသည်။

"ဒါနဲ့ အောင်မျိုး ငါ့စာရော . . . "

အောင်မျိုးမင်းသည် ကွန်ပျူတာဂိမ်းကစားနေရာမှ ထလာပြီး၊ သူ သိမ်းထားသည့် စာတစ်စောင်ကို ရဲမာန်သွေးအား ပေးလိုက်သည်။ စာအိတ်ပေါ်တွင် နာမည် ထိုးထားသော လက်ရေး ကို ကြည့်လိုက်သည့်နှင့် ရဲမာန်သွေးသည် သူ၏ ချစ်သူ မေသက်ဆီက ပို့ပေးလိုက် သည့် စာတစ်စောင်ဆိုတာ သေချာနေပြီ။

အိပ်ရာထဲကို မြန်မြန်သွားကာ လဲအိပ်ရင်းဖြင့် စာကို ဖတ်ကြည့်နေမိသည်။

'သိပ်ချစ်ရသော အမောင် . . . .

အမောင်ရယ် . . . နေနိုင်လိုက်တာ . . . အမောင်နဲ့ မေသက် မတွေ့ ဖြစ်ကြတာ တစ်နှစ် ပြည့်တော့မယ်နော်။

မေသက် ကတော့ နေ့စဉ်နဲ့အမျှ အမောင့်ကို လွမ်းနေရတယ်။ အမောင့်ရဲ့ အကြောင်းကို မေသက် စုံစမ်းနေတာကြာပြီ။ အမောင် ရွာကနေ ရန်ကုန်ကို ထွက်သွားတယ်ဆိုတာကို အမောင်တို့ရွာကို မေသက် သွားပြီး စုံစမ်းလို့ သိခဲ့ရတာ ။ အမောင်ရဲ့ ရန်ကုန်လိပ်စာကို အမောင့် အမေကပေးလိုက် တာ။ အမောင်တို့အိမ်ကို ကြောက်ကြောက်နဲ့ အရဲစွန့်ပြီးသွားခဲ့ရတာ ၊ အမောင့် အမေက သဘောကောင်းလို့ တော် သေးတယ်။ အဝေးသင်ပြီးလို့ မေသက် ဆက်တက် ဖြစ်တဲ့၊ ပီဂျီဒီတီ ဆရာ ဖြစ်သင်တန်းလည်း အခု ပြီးသွားပြီ။ သင်တန်းဆင်းပြီးလို့ မေသက် အခုဘယ်မှာ တာဝန်ကျလဲဆိုတာ သိလား။

မေသက်တို့ရဲ့ ဇာတိ မြင်းခြံမှာ တာဝန်ကျတာမဟုတ်ဘူး။ မတ္တရာမြို့နယ်ထဲက ရွာတစ်ရွာ မှာ ပဲ တာဝန်ကျတယ်။ အမောင်တို့ရွာရဲ့ အရှေ့ဘက်က မြွေပုသိမ်မူလတန်းကျောင်းမှာ တာဝန်ကျတယ်။ အမောင်နဲ့နီးပြီဆိုပြီး မေသက်ဖြင့် ဝမ်းသာလိုက်ရတာ . . . အခုတော့လည်း အမောင်နဲ့ မေသက်တို့ အနေဝေးကြပြန်ပြီနော်။ အမောင်နဲ့ ဘယ်ချိန်ကျမှ ပြန်ဆုံရမလဲ အမောင်ရယ် . . .။

အမောင့်အမေက မေသက်ကို ပြောလိုက်သေးတယ်။ အမောင်က စာရေး ဆရာ ဖြစ်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ရန်ကုန်ကို ထွက်သွားတာတဲ့။ ကိုယ်ဝါသနာပါတာကို ရဲရဲဝံ့ဝံ့ ရွေးချယ်လိုက်တာ ကောင်းပါတယ် အမောင်ရယ်။

မေသက် အားပေးတယ်။ အမောင်ရဲ့ သတ္တိကိုလည်း မေသက် ချီးကျူး တယ်။ အမောင် အောင်မြင်အောင်သာ ကြိုး စားပါ။ အချိန်တန်လို့ မေသက် နားခို ရမယ့်ရင်ခွင်က အမောင်ရဲ့ ရင်ခွင်ပါပဲ။ မေသက် အချစ်ကိုတော့ စိတ်ချလက်ချနဲ့ ယုံပါ။ လာမယ့် ဝါခေါင်လပြည့်ကျော် သုံးရက်မှာ ကျင်းပမယ့် အမောင်တို့ရွာရဲ့ ဘုရားပွဲကို အမောင် လာ ဖြစ်အောင် လာခဲ့ပါလား အမောင်ရယ် . . .။

အမောင့်ကို မေသက် အရမ်းတွေ့ချင်တယ်။

ဘုရားပွဲကို အမောင် ပြန်လာမယ်ဆိုရင် မေသက် ကတော့ ပျော်မိမှာ ပဲ အမောင်ရယ်။

အမောင့်ကို သိပ်ချစ်ရတဲ့ . . .

မေသက်

(မူလတန်းပြဆရာမ )

မြွေပုသိမ် အ.မ.က မတ္တရာမြို့နယ်

မန္တလေးတိုင်း ဒေသကြီး။

ချစ်သူ မေသက်၏ စာကို ဆုံးအောင်ဖတ်မိပြန်တော့လည်း ရဲမာန်သွေးသည်

ချစ်သူကို လွမ်းမိပြန်သည်။

ရွာကိုလွမ်းသည့် အလွမ်းပေါ်မှာ ချစ်သူကို လွမ်းသည့် အလွမ်းပါ ထပ်ဆင့်၍ တိုးလာသည်။

''မေသက်ရယ် . . .

အမောင်လည်း မေသက်ကို သတိရပါတယ်။

မေသက် လွမ်းနေရသလို အမောင်လည်း လွမ်းနေရတယ်ဆိုတာ ယုံပါ။ မကြာခင် တစ်နေ့တော့ မေသက်နဲ့ အမောင်တို့ ပြန်ဆုံကြဦးမှာ ပါကွာ'' ဟု စိတ်ထဲကနေ တွေးရင်း၊ သူ၏ စိတ်ထဲမှာ မေသက်နှင့် ဆုံစည်းခဲ့ရသည့် တက္ကသိုလ်ကျောင်းသားဘဝ၏ ပုံရိပ်များသည် သူ၏ နှလုံးသားတွင် ပြန်လည်ထင်ဟပ်လာသည်။

•••

- ၈ -

ရဲမာန်သွေး (၁၀) တန်းအောင်ပြီးခါစအချိန်တွင် ညစဉ်အိပ်ရာဝင်တိုင်းဝင်တိုင်း၊ သူ၏ အိပ်မက်ထဲတွင် မေသက်နှင့် မကြာခဏ ဆုံတွေ့ဖြစ်သည်။ အိပ်မက်ထဲမှာ မေသက်နှင့် တွေ့ဆုံမှု သည် အကြိမ်ရေများ လာသည်နှင့် အမျှမေသက်၏ ပုံရိပ်တွေ က ရဲမာန်သွေး၏ နှလုံးသားထဲတွင် အချိန်ပြည့်လွှမ်းမိုးလာသည်။

မေသက်ကို အပြင်မှာ လူချင်းမတွေ့ဖူး၊ မမြင်ဖူးသေးပေမယ့် သူ့ကို ရဲမာန်သွေး တစ်ဖက်သတ် သံယောဇဉ်တွယ်လာသည်။ အချိန်တွေ ကြာလာတော့၊ ရဲမာန်သွေးသည် အိပ်မက် ထဲကနေ မေသက်ကို ချစ်ရေး ဆိုမိသည်။

သူသည် မေသက်ကို အရူးအမူး ချစ်မိသွားတော့သည်။

နောက်တော့ . . .

ရွှေမန်းမြေတွင် ရဲမာန်သွေးနှင့် သူ၏ အိပ်မက်ထဲက မေသက်တို့ ပြန်လည် ဆုံစည်းကြပုံ ကလည်း ရုပ်ရှင်ဆန်ဆန်ပင်။

ရဲမာန်သွေးနှင့် မေသက်တို့သည် ရတနာပုံတက္ကသိုလ်တွင် အဝေးသင် ပထမနှစ် စတက်ရန် နယ်ကနေ ရွှေမန်းမြေကို ရောက်လာကြရင်းဖြင့် လူချင်းတွေ့ဆုံ ဖြစ်ကြသည်။ သူတို့နှစ် ဦး နေကြသည့် ဘော်ဒါဆောင်ကလည်း ရတနာပုံတက္ကသိုလ်အနီးရှိ ထန်းတောရွာအတွင်း၌ တည်ရှိ၏ ။ ထို့နောက် ရဲမာန်သွေးသည် မေသက်ကို စတွေ့တွေ့ချင်း တစ်ပတ်အတွင်း ၌ပင် ချစ်ခွင့် ပန်ခဲ့သည်။

မေသက်ကလည်း သူ့ကို ပထမနှစ် စာမေးပွဲ မဖြေခင်မှာ ပင် ပြန်လည် ချစ်တုံ့ပြန်ခဲ့သည်။

အဝေးသင်တက္ကသိုလ်တက်သည့် သုံးနှစ် အတွင်း ၌ တစ်ယောက် နှင့် တစ်ယောက် အလွန်ကို ချစ်ကြသည့် ချစ်သူများ အ ဖြစ်သို့ ရောက်ရှိလာကြသည်။ နောက်ဆုံးနှစ် စာမေးပွဲဖြေပြီး၊ တစ်ယောက် နှင့် တစ်ယောက် ခွဲခွာခါနီး အချိန်တွင် ဦးပိန်တံတားအနီး။ တောင်သမန်အင်းစောင်း က မယ်ဇယ်ပင်တန်းရှိ အကြော်ဆိုင်တွင် နှစ် ယောက် သား အကြော်စားကြရင်းဖြင့် စကားတွေ အများ ကြီး ပြော ဖြစ်ခဲ့ကြသည်။

"အမောင်"

"မေသက်နဲ့ အမောင်နဲ့ မနက်ဖြန်ဆို နယ်ပြန်ရတော့မယ်နော်။ မေသက်က အဝေးသင် အောင်စာရင်းထွက်ပြီးရင် မေသက် ဝါသနာပါတဲ့၊ ကျောင်းဆရာမ ဖြစ်အောင် ပီဂျီဒီတီ ဆက်တက် မယ်။ အမောင်ကရော . . . အောင်စာရင်းထွက်ပြီးရင်၊ ဘာဆက်လုပ် မှာလဲ"

မေသက်၏ အမေးကို ရဲမာန်သွေး ချက်ချင်း မဖြေနိုင်။

"လောလောဆယ်ဆယ်တော့ အိမ်က တောင်သူအလုပ်ကို ဝိုင်းကူပြီး လုပ်ရမှာ ပေါ့ မေသက်ရယ် . . ."

''အမောင်နဲ့ မေသက်တို့ရဲ့ မိသားစုဘဝလေးကိုရော . . . ဘယ်တော့ တည်ဆောက်ကြမှာ လဲ''

''မေသက်လေ . . . အမောင်နဲ့ အကြာကြီး ခွဲမနေချင်တော့ဘူး။ အမောင့်ကို မေသက် အရမ်းချစ်တယ်။ မေသက် မလွမ်းချင်တော့ဘူး အမောင်ရယ် . . .''

''အမောင်လည်း မေသက်ကို အရမ်းချစ်ပါတယ်။ စိတ်ချပါ မေသက်ရယ် . . . အမောင် လည်း မေသက်နဲ့ ခွဲပြီးမနေချင်တော့ဘူး။ ဒါပေမဲ့ ကိုယ့်ဘဝကိုယ် တာဝန်မယူနိုင်သေးဘဲနဲ့တော့ အိမ်ထောင်မပြုချင်သေးဘူး။ ကိုယ့်ဘဝကို ကိုယ် တာဝန်ယူနိုင်အောင် အမောင် ကြိုး စားပါဦးမယ်''

''အမောင် . . .''

မေသက်သည် ဘာစကားမှ ဆက်မပြောဘဲ၊ အကြော်ကို အားရပါးရစားနေသည့် ရဲမာန်သွေးကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ သူ၏ မျက်ဝန်းက ရဲမာန်သွေးကို တစ်ခုခု ပြောချင် နေပုံရ၏ ။

''ပြောလေ . . . မေသက် အမောင့်ကို ဘာတွေ ပြောချင်လို့တုံး''

''ဟိုလေ . . . အမောင့်ကို မေသက် တောင်းဆိုစရာ တစ်ခုရှိလို့''

''တောင်းဆိုစရာက တစ်ခုမဟုတ်ဘူး မေသက်ရယ် . . . မေသက် စိတ်ကြို က်တောင်းနိုင် တယ်''

မေသက်၏ အကြည့်သည် ဦးပိန်တံတားဆီသို့ တစ်ချက် ဝေ့ကြည့်လိုက်သည်။ ပြီးမှ ရဲမာန်သွေး၏ လက်တစ်ဖက်ကို ဖမ်းဆုပ်ပြီး သူပြောချင်သည့် စကားများ ကို ဆက်၍ ပြောသည်။

''ချစ်သူတိုင်း ချစ်သူတိုင်း ဟောဒီ ဦးပိန်တံတားပေါ်မှာ လက်တွဲ မဖြုတ်စတမ်း လက်ချင်း ချိတ်ပြီး တံတားအစအဆုံး သုံးခေါက်တိတိ လမ်းလျှောက်ကြရင် ချစ်သူချင်း တစ်သက်လုံး မကွဲ တော့ဘူးတဲ့၊ အဲဒါလေ . . .''

မေသက်၏ စကားမဆုံးခင်မှာ ပင်၊

''ဒါတွေ က ဒဏ္ဍာရီတွေ ပါ မေသက်ရယ်၊ ဒါပေမဲ့ မေသက်က ယုံကြည်နေတယ်ဆိုရင်လည်း လျှောက်ကြတာပေါ့'' ဟု

ပြောပြီး ရဲမာန်သွေးသည် မေသက်၏ လက်ကို ကြင်နာယုယစွာ ဖြင့် ဖမ်းဆုပ်လိုက်သည်။ ပြီးမှ နှစ် ယောက် သား မယ်ဇယ်ပင်တန်းက အကြော်ဆိုင်ကနေ ထွက်ခွာလာခဲ့ကြပြီး ဦးပိန်တံတား ဆီသို့ လျှောက်လာကြသည်။

ဦးပိန်တံတား၏ ညနေ နေဝင်ချိန် ဆည်းဆာအလှသည် ကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းလှ သည်။

ထိုမြင်ကွင်းသည် ခွဲခွာခါနီး ချစ်သူနှစ် ဦးကို ပို၍ အလွမ်းဝေစေသည်။

''အမောင် . . . အမောင်နဲ့ မေသက်တို့ မနက်ဖြန်ဆို ခွဲရတော့မယ်နော်၊ အမောင်နဲ့ မေသက်တို့ ဘယ်တော့လောက် ပြန်ဆုံကြမလဲ''

''မေသက်ကို သတိရတိုင်း မေသက်တို့ရဲ့ မြင်းခြံကို အမောင် လာခဲ့မယ်။ မြင်းခြံကိုရောက် ရင် သူငယ်ချင်း တစ်ယောက် ဆီကနေ မေသက်ကို ဆက်သွယ်လိုက်မယ်။ ငါးလတစ်ခါ ခြောက်လ တစ်ခါတော့ . . . လာတွေ့ပါ့မယ် . . . မေသက်ရယ် . . . ''

''တကယ်တော့ အချစ်ဆိုတာ ချစ်သူချင်း နီးနီးနားနား နေကြရမှ အချစ်လို့ ခေါ်တာ မဟုတ်ပါဘူး။ မေသက်ရင်ထဲမှာ အမောင်ရှိနေသလို အမောင့်ရင်ထဲမှာ လည်း မေသက်ရှိနေတာပဲ။ အမောင်တို့နှစ် ယောက် ဘဝပေး အခြေအနေအရ တစ်ယောက် နဲ့ တစ်ယောက် အနေဝေးပေမဲ့ နှလုံးသားချင်း စိတ်ချင်းကနီးနေတာပဲ မေသက်က အမောင့်ရဲ့ အချစ်ကို အယုံအကြည် မရှိ လို့လား''

''မေသက်က အမောင့်အချစ်ကို သံသယ ရှိနေလို့လား''

သူ၏ အမေးကို မေသက် မဖြေ။ အကြင်နာမျက်ဝန်းများ ဖြင့် သူ့ကို မေသက် တုံ့ပြန်လိုက် သည်။

"ယုံပါတယ် အမောင်ရယ် . . . "

"မေသက်ကို နောက်ထပ်တစ်ခု တောင်းဆိုချင်သေးတယ်။ မေသက် အမောင့်အချစ်ကို ယုံကြည်ပေးပါ"

"အမောင်လေ . . . မေသက်ကလွဲပြီး၊ ဘယ်မိန်းကလေးကိုမှ ဘဝလက်တွဲ ဖော်အ ဖြစ် လက်တွဲ မှာ မဟုတ်ဘူးဆိုတာကို အမောင့်ကို မေသက် ယုံကြည်ပေးပါ"

"အမောင်တို့ နှစ် ယောက် ဘယ်နေရာပဲရောက်နေ ရောက်နေ၊ မေသက်ရဲ့ မွေးနေ့ ဖြစ်တဲ့ ဒီဇင်ဘာ (၂၇) ရက်နေ့ ရောက်တိုင်း ရောက်တိုင်း ဦးပိန်တံတားရဲ့ ဒီနေရာ ဒီအချိန်လေးမှာ ပြန်ဆုံ ကြမယ်လေ"

"နောကတစ်ခါ ဦးပိန်တံတားမှာ ဆုံကြရင်၊ အခုလိုပဲ ဦးပိန်တံတာကို သုံးခေါက်ပြည့်အောင် နှစ် ယောက် သား လမ်းလျှောက်ရင်း စကားတွေ ပြောကြမယ်"

ရဲမာန်သွေးသည် ရုတ်တရက် သူ၏ လက်မှ လက်ပတ်နာရီကို တစ်ချက် ကြည့်လိုက်သည်။

အချိန်က ည (၇) နာရီ ထိုးနေပြီ။

ည (၈) နာရီရောက်လျှင် မေသက်တို့ အဆောင်ပိတ်ချိန် ရောက်ပြီ။

"မေသက်တို့ အဆောင်ပိတ်ချိန် ရောက်တော့မယ်။ အမောင်တို့ ပြန်ကြရအောင်လား . . ."

•••

# အခန်း(၂)

## အပိုင်း (၂)

### မှာ းလား

- ၁ -

"အိမ်ထောင်မှု ၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး

ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန် ခက်သည့်အမျိုး"

ဟု ရှေးပညာရှိ စာဆိုတော် ကြီးများ ၊ လေးဘေးနက်နက် အဓိပ္ပာယ်ရှိရှိ ဖွင့်ဆိုချက်များ ကို နက်နက်နဲနဲ သိမြင်လာချိန်မှာ တော့ ကျွန်တော့် ဘဝ နောက်ပြန်လှည့်ဖို့ နောက်ကျခဲ့ပြီ။ ကျွန်တော့် ဘဝ၏ အဖြူရောင် စာမျက်နှာပေါ်တွင် ဖျက်၍ မရ ပြန်လည် ပြင်ဆင်၍ မရအောင်ပင် အမည် းစက် တစ်ခု စွန်းထင်ခဲ့သည်။

ကျွန်တော် ဆယ်ကျော်သက်အရွယ် အတွေ းနုစဉ်တွေ းမိတာ ကတော့၊ အိမ်ထောင်တစ်ခု တည်ဆောက်တယ်ဆိုတာ၊ တစ်ဦးနဲ့ တစ်ဦး ချစ်ခင်နှစ်သက် ရုံဖြင့် မတူညီသော ဘဝနှစ် ခုပေါင်းစပ် ထူထောင်၍ ရသည်ဟု တွေ းထင်ခဲ့မိ၏ ။ တကယ့် အိမ်ထောင်ရှင်ဘဝမှာ တော့ အဲဒီ လိုမဟုတ်၊ တစ်ယောက် နှင့် တစ်ယောက် သည်းခံခွင့်လွှတ်နိုင်မှု စွမ်းရည်နှင့် ပင်ကိုအကျင့်ဗီဇစရိုက် ကိုက်ညီ မှု ရှိခြင်းတို့ကသာ အဓိကဟု ကျွန်တော် သိမြင်လာရသည်။

စိတ်သဘောထားချင်း မတိုက်ဆိုင်ပါ များ လာပြန်တော့ အိမ်ထောင်ရေး မသာယာ၊ ပုထုဇဉ် လူသားများ ပီပီ သည်းခံခွင့်လွှတ်နိုင်မှု စွမ်းရည်တို့ ကျဆင်းလာကာ မာန်မာနတို့ အားပြိုင်လာ သည်။

မောမောပန်းပန်းနှင့် အလုပ်မှပြန်အလာ၊ တိုက်ခန်းတံခါးကို

ဆွဲဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် အသုံးအဆောင်ပစ္စည်းများ ဖြင့် ရှုပ်ပွနေသော ဧည့်ခန်းက ကျွန်တော့် အား ပထမဦးစွာ ခရီးဦးကြိုပြုနေသည်။ ထို့မှတစ်ဖန် ထမင်းစားခန်းထဲကို ဝင်သွားပြန်တော့လည်း ညနေစာ ထမင်းဟင်း ချက်ပြုတ်မထား၊ ပန်းကန်ခွက်ယောက် များ ကလည်း ဟိုတစ်ခု သည့်တစ်ခုနှင့် အစီ အရီမဲ့ ပြန့်ကျဲနေသည်။ လက်ဆေးဘေဇင်ထဲမှာ လည်း ချက်ပြုတ်ပြီး ဒန်အိုးဒန်ခွက်များ နှင့် စားပြီးသား ဇွန်း၊ ပန်းကန်တို့က အပြည့်အလျှံ။ ရေချိုးခန်းထဲကို မျက်နှာသစ်ရန် ဝင်သွားမိပြန် တော့လည်း ရေစိမ်ထားသော လျှော်စရာ အဝတ်အစားများ တစ်ပုံတစ်ပင်နှင့် ကျွန်တော့် မိန်းမ ရွှေစင် ဘာကြောင့် အိမ်ထောင်ရှင်မ မပီသရသည်ကိုတော့၊ ကျွန်တော် တွေး၍ မရ၊ စဉ်းစား၍ လည်းမရ။

ထိုစည်းကမ်းမဲ့မြင်ကွင်းများ ကိုမြင်တိုင်း၊ တစ်ချိန်က သူနှင့် ကျွန်တော် ချစ်သူရည်းစား ဘဝ အမြဲ ချိန်းတွေ့တိုင်း သူအမြဲပြောနေကျ လက်သုံးစကားတချို့ကို ကျွန်တော် အမြဲ အမှတ်ရ နေမိသည်။

"အစ်ကိုရယ် . . . ရွှေစင်လေ အစ်ကိုနဲ့ ချိန်းထားတာကို မေ့ပြီး အဝတ်တွေ စိမ်ထားမိတယ်၊ အဲဒါ တစ်ထိုင်တည်းနဲ့ မြန်မြန် လျှော်ခဲ့ရတယ် အစ်ကိုရယ် . . . ထမင်းဟင်းချက်ရ၊ အိမ်သန့်ရှင်း ရေး လုပ်ရနဲ့ အရမ်းပင်ပန်းတာပဲ အစ်ကိုရယ်" ဟု ပြောပြီး ကျွန်တော့် ရင်ခွင်ထဲ တိုးဝင်၍ အမြဲ ညည်းညူနေကျ။ ကျွန်တော် လည်း သူ ဒီလိုညည်းညူ နေရင် မနေတတ် မထိုင်တတ်တော့။

"ကဲပါဗျာ"

"အစ်ကို့ ချစ်သူလေး။ အိမ်မှု ကိစ္စတွေ မနိုင်မနင်းလုပ်ရတော့၊ ပင်ပန်းမှာပေါ့။ ပင်ပန်းတာ ပြေသွားအောင် အစ်ကိုက ပြုစုပေးရမှာ ပေါ့" ဟု ဆိုပြီး ကျွန်တော် လည်း သူ၏ ပခုံးကို နှိပ်ပေး နေကျ။ ချစ်သူရည်းစားဘဝ ဟန်ဆောင်ပြီး ချွဲနေမှန်းလည်း အဲဒီ အချိန်က ကျွန်တော် မသိခဲ့ပါ။

ကျွန်တော့် အချစ်ကို ခုတုံးလုပ်၊ ကျွန်တော့် ကို ညာညာပြီး ပခုံးနှိပ်ခိုင်း၍ ဇိမ်ယူတတ်သည့် သူ၏ အပြုအမူများ ကို ပြန်လည် စဉ်းစားမိလေတိုင်း သူ့ကို စက်ဆုပ်ရွံရှာမိသည်။

•••

- ၃ -

"အဖေကြီးတို့ . . . သားကြီးမောင်မိုးတို့၊ သမီးငယ်ဆွေဆွေတို့ရေ . . . "

"မေမေ ထမင်းဝိုင်းပြင်လို့ပြီးပြီ။ အားလုံးလာကြ၊ ထမင်းစားကြရအောင်"

မိသားစုအားလုံး ထမင်းစားကြရန်ခေါ်သော မေမေ၏ အသံမှာ ဥသြသံပမာ နားဝင်ချို လှသည်။ စနေ၊ တနင်္ဂနွေ ဖေဖေရုံးပိတ်ရက်၊ မေမေ၏ ကျောင်းနားရက်၊ ညီမလေးနှင့် ကျွန်တော် တို့ ကျောင်းပိတ်ရက်မို့၊ ကျွန်တော် တို့မိသားစု၏ ထမင်းစားဝိုင်းသည် ဟင်းအမယ်များ စုံလင်လှသည်။ မေမေသည် ဟင်းတစ်မျိုးနှင့် တစ်မျိုးလိုက်ဖက်ညီအောင် ချက်ပြုတ်စီမံနိုင်သည့် အိမ်ထောင်ရှင်မ ဖြစ်သည်။ ဖေဖေ စစ်သားကြီးကလည်း မေမေ ချက်ပြုတ်ကျွေးမွေးသမျှ ထမင်းဟင်းများ ကို နှိုက်မြည် းရင်း မေမေ့ကို ချီးမွမ်းခန်း ဖွင့်တော့သည်။

"အား . . . စားလို့ကောင်းလိုက်တာ လျှာရင်းထဲကို စွဲသွားတာပဲ"

"ဒီကမ္ဘာပေါ်မှာ ငါ့မိန်းမရဲ့ ထမင်းဟင်းလက်ရာကို မီတဲ့သူ မရှိဘူးထင်တယ်" ဟု ကြွေးကြော်ပြီး မေမေ ချက်ကျွေးသမျှကို ခေါင်းမဖော်တမ်း အားရပါးရ စားတတ်သည်။ ထိုကဲ့သို့ ဖေဖေ၏ ချီးမွမ်းသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် မေမေ၏ မျက်နှာတွင် ပီတိအပြုံး ပန်းများ ဝေဝေဆာဆာ ဖူးပွင့်နေသည်။ ကျွန်တော် တို့ မိသားစုထမင်းဝိုင်းမှာ နွေးနွေးထွေးထွေးနှင့် စိတ်ချမ်းမြေ့ပျော်ရွှင်ဖွယ် ကောင်းလှသည်။

ကျွန်တော် လည်း အိမ်ထောင်ကျကတည်းက မေမေ၏ ထမင်းဝိုင်းနှင့် ဝေးနေခဲ့ရပြီ။

ချစ်ဇနီး မချက်တတ် ချက်တတ်နှင့် ချက်ကျွေးတတ်သော ကြက်ဥကြော်ငန်ငန်၊ ကန်စွန်း ရွက်ကြော် ပျော့ပြဲပြဲ၊ ငပိရည်ကျဲစပ်စပ်တို့နှင့် သာ နှစ် ပါးသွားနေရတာ ကြာပြီ။

ထိုအချိန်များ တွင် အမေ့အိမ်မှ ထမင်းဟင်းကို ကျွန်တော် ပို၍ သတိရမိသည်။ ဟင်းချက်မကောင်းသော ချစ်ဇနီးကို ဟင်းချက်ကောင်းအောင် သင်ပြပေးပြန်တော့လည်း ဆရာကြီးလုပ်တယ်ဆိုပြီး မသင်ချင်၊ သူက အပျင်းထူ၍ နေသည်။ နောက်ဆုံး ကိုယ်စားချင်ရာကို ကိုယ်တိုင်ချက်ပြုတ်၍ စားရသည်။ ကျွန်တော် ၏ ချစ်ဇနီးသည် မိန်းမ မဆန်သည့်အတွက် မိန်းမဟုတ်ရဲ့ လားလို့ပင်၊ ကျွန်တော် တစ်ခါ တစ်ခါ စဉ်းစားကြည့်မိ၏ ။

'မိန်းမ မပီသတဲ့သူကို အိမ်ထောင်ရှင်မအဖြစ် ရွေးချယ်ခဲ့မိတာ၊ ကိုယ့်အပြစ်နဲ့ကိုယ် ရဲရဲကြီး သာခံလိုက်ပေတော့' . . . ဟု ကိုယ့်ကိုယ်ကိုယ် အားပေးမိသည်။

•••

- ၄ -

''လူကလေးရယ် . . . အိပ်ချင်တန် . . . မျိုင်းရှေ့ကပုံ . . . ခိုဖြူခိုဝါ . . . တစ်ကောင်ပေး . . . အိပ်ပါတော့လေး . . . ''

အိမ်ရှေ့မျက်နှာချင်းဆိုင်တိုက်ခန်းက ကိုဖိုးအေး သားချော့တေးကို အဆီအငေါ်မတည့် ကပေါက်တိကပေါက်ချာဆို၍ ကလေး ချော့သိပ်နေသည်။ သူ၏ သားချော့တေးသံကို ကြားရသူ ကျွန်တော် မှာ ကြည်နူးမိသည်။ ကိုဖိုးအေး သားချော့တေးဆို ကလေးချော့သိပ်သလို ကျွန်တော် လည်း ကလေးချော့သိပ်ချင်ပြီ။ သို့သော် ချော့သိပ်စရာ သားသမီးမရှိသေး။ အိမ်ထောင်သက် သုံးနှစ် သုံးမိုးပြည့်သည့်တိုင် သားသမီး မရှိသေးသဖြင့် . . .

''ကိုမိုး''

''မင်း အိမ်ထောင်ကျတာ သုံးနှစ် ရှိပြီ။ အခုချိန်ထိ မင်း . . . အစွမ်းမပြနိုင်သေးဘူး''

''မင်း လူမ ဖြစ်သေးဘူးနော်'' ဟု စသည်ဖြင့် အိမ်ထောင်သည် သူငယ်ချင်းများ

၏ လှောင်ပြောင်ထောပနာပြုခြင်းကို မကြာခဏ ခံနေရသည်။ အမှန်တော့ အိမ်ထောင်ကျကတည်းက ကလေးယူဖို့ပါ။ ကျွန်တော့် မိန်းမ ရွှေစင် ကလေးမယူချင်သေး၍ သူ့ကို အလိုလိုက်သည့်အနေဖြင့် ကလေးမယူ ဖြစ်ခဲ့။

ကျွန်တော် ကလေးယူဖို့ ရွှေစင်ကိုပြောတိုင်း၊

''ရွှေစင်၊ အစ်ကိုတို့ ကလေးယူကြစို့ကွာ''

''ဟင့်အင်း''

''ရွှေစင် ကလေးမယူချင်ဘူး''

ထိုစကားများ ကို ကျွန်တော် ကြားရဖန်များ လာတော့၊ ဒေါသအလိုလို ထွက်လာသည်။

''ကလေးမယူချင်တာ၊ မင်းဘာ ဖြစ်လို့ ယောက်ျားယူလဲ''

''ဟင်း''

''ငါ . . . လေ . . . မင်းကို ရှင်းရှင်းစိုင်းစိုင်း မပြောလိုက်ချင်ဘူး''

ကျွန်တော် က ဒေါသသံဖြင့် ဆိုပြန်တော့လည်း၊ ရွှေစင်က မျက်နှာ ညှိုး ညှိုး ငယ်ငယ်နှင့် ကျွန်တော် ၏ ရင်ခွင်ထဲသို့ ကလေး တစ်ယောက် ပမာ တိုးဝှေ့တတ်သည်။

''ကလေးယူလို့ ကလေးရခဲ့ရင်၊ ကိုကိုကကလေးကို အချစ်ပိုပြီး ရွှေစင်ကို အချစ်ပေါ့မှာ ကြောက်လို့ပေါ့ အစ်ကိုရယ်''

ထိုစကားသံကိုကြားရတော့၊ ကျွန်တော် သည် ရွှေစင်ကို မဆူရက်၊ မကြိမ်းမောင်းရက် တော့ပါ။ ကလေးဆန်သော ရွှေစင်ကိုကြည့်ပြီး ပို၍ ကရုဏာသက်မိသည်။ သူ့ကို ထွေးပွေ့ထား ရင်း၊

''ဩော် . . . ရွှေစင်လေးရယ် . . . မင်း အရမ်းကလေးဆန်းလွန်းတာပဲကွယ်''

ကျွန်တော့် စိတ်ထဲတွင် တစ်ယောက် တည်း တိုးတိုးလေး ပြောနေမိသည်။

...

- ၅ -

"ရွှေစင်"

"ပြောလေ . . . အစ်ကို"

"အစ်ကို အပ်ထားတဲ့ပိုက်ဆံ ပြန်ထုတ်ပေးဦး၊ အစ်ကို နောက်ထပ်ဖွင့်မယ့် မိတ္တူဆိုင်က ငွေလိုနေပြီ၊ အဲဒါ အရင်းအနှီး ထပ်ထည့်ရဦးမယ်"

"ဟင့်အင်း . . . "

"မရှိတော့ဘူး၊ ရွှေစင်သုံးလို့ ကုန်သွားပြီ"

ရွှေစင်က စိတ်မပါတပါအသံဖြင့် ပြောလိုက်သည်။ မှန်တင်ခုံရှေ့တွင် ရွှေစင်သည် လက်သည်းနီ အဆိုးမပျက်။ ကျွန်တော် လည်း စိတ်မရှည်သဖြင့် အိပ်ရာထဲလှဲနေရာမှထပြီး ခုတင် ခြေရင်း မှန်တင်ခုံရှေ့သို့ သွားလိုက်ပြီး . . .

"ရွှေစင်ရယ် . . . အစ်ကို အလုပ်ကိစ္စနဲ့ အတည်ပြောနေတာကို မနောက်ပါနဲ့ကွာ၊ လေးလေးနက်နက်ထားပြီး ပြောစမ်းပါကွာ"

"ဟုတ်တယ် ရွှေစင် အတည်ပြောနေတာပါ . . . ပြီးခဲ့တဲ့ သော ကြာနေ့က ဝေဝေတို့နဲ့ ဖဲသွားဆွဲတာ အစ်ကိုအပ်ထားတဲ့ သိန်း (၅၀) စလုံး တစ်ထိုင်တည်း ဖဲရှုံးလို့ကုန်ခဲ့ပြီ"

"ဟင်"

"ဘယ်လို"

ထိုစကားကြားရသော အချိန်တွင် ကျွန်တော့် မှာ ခေါင်းမီးတောက်သွားသည်။ ရွှေစင်ကို ကျွန်တော် ထ၍ ကန်ပစ်ချင်သည်။ ကျွန်တော် ၏ စိတ်တွေ ထိန်းချုပ်၍ မရ။

အလိုလိုဒေါသထွက်လာ သဖြင့် နံရံကိုလက်သီးဖြင့် ပစ်ထိုးမိသည်။

"ရွှေစင်ရာ . . . မင်းလုပ်ရက်လိုက်တာ၊ သိန်း (၅၀) ဆိုတဲ့ ငွေက နည်းတဲ့ငွေလားကွာ"

"ငါ့မှာ တော့ မင်းမိဘလက်ထဲမှာ မင်း ကိုယ်ပိုင်ကားစီးပြီး သွားနိုင်လာနိုင်တယ်။ ငါနဲ့ယူမှ မင်း လိုင်းကားတိုးစီးရတဲ့အ ဖြစ်ကို သနားလို့ . . . ကိုယ်ပိုင်ကားလေး တစ်စီးဝယ်နိုင်အောင် ငါ့မှာ တော့ မစားရက်မသောက်ရက်နဲ့ စုထားရတာ ။ အခုတော့ မင်းက ဖဲရှုံးလို့ကုန်ခဲ့ပြီဆိုတော့ လူကြားလို့မှ ကောင်းကြသေးရဲ့ လားကွာ"

"မင်း ငါ့စေတနာကို စော်ကားတယ်၊ ငါရဲ့ ယုံကြည်မှု ကိုလည်း အလွဲသုံးစားလုပ်တယ် . . . မင်း ဘယ်လိုမိန်းမလဲဆိုတာကို မင်းကိုယ်မင်း ပြန်စဉ်းစားပါဦး ရွှေစင်ရာ . . ."

ကျွန်တော် ဘာပြောပြော သူ့အပြစ်နှင့် သူမို့ ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ကျွန်တော် ပြောသမျှကို ကြက်သေငက်သေပမာ ငြိမ်ခံနေသည်။ ကျွန်တော့် ရင်ထဲတွင် အနှစ်နှစ် အလလက မျှိုသိပ်ထားသမျှ မကျေနပ်မှု များ သည် မီးကုန်ယမ်းကုန် ပေါက်ကွဲထွက်လာသည်။

နှစ် ရက်၊ သုံးရက်တိုင် ဒေါသမပြေနိုင်သေး၍ ရွှေစင်ကို ကျွန်တော် စကားမပြော ဖြစ်။

လေးရက်မြောက်သော နေ့တွင် ရွှေစင် အဝတ်ထုပ်ကို ဆွဲပြီး ထွက်လာသည်။

"ရွှေစင်"

"မင်း . . . ဒါက . . . ဘယ်တုံး၊ ဘာသဘောလဲ"

ကျွန်တော် စကားစပြီး မေးကာရှိသေး၊ သူက ကျွန်တော့် ကို မျက်နှာထားတင်းတင်းဖြင့် ကြည့်လိုက်သည်။

"ရှင့်လို ဇီဇာကြောင်တဲ့ ယောက်ျားနဲ့ပေါင်းနေရတာ ၊ ကြာရင် မိရွှေစင်တို့

နေ့တိုင်း အကြိမ်းမောင်းခံနေရလို့ အသက်တိုလိမ့်မယ်"

"ရှင် မြင်တဲ့အတိုင်းပဲလေ။ ရှင်နဲ့မပေါင်းနိုင်တော့လို့ အိမ်ပေါ်က ဆင်းမလို့"

"အေးနော် . . . မင်းကို ဘယ်သူကမှ အိမ်ပေါ်ကနေ ဆင်းခိုင်းတာမဟုတ်ဘူးနော်။ မင်းသဘောနဲ့ မင်းဆင်းတာ"

"အေး . . . ငါဆိုတဲ့ကောင်ကလည်း ဆင်းသွားတဲ့မိန်းမကို လိုက်ပြန်ခေါ်ပြီး၊ အိမ်ပေါ် ပြန်တင်တတ်တဲ့ ယောကျ်ားမဟုတ်ဘူးနော်။ မင်းစဉ်းစားပြီးမှသွား . . . "

ကျွန်တော် စကားဆုံးသည်နှင့် ရွှေစင်သည် လက်ခုပ်လက်ဝါးတီးပြီး ရယ်လိုက်ပါတော့ သည်။ ပြီးမှ ကျွန်တော့် ကို မျက်စောင်းထိုးပြီး၊

"အမယ်လေး . . . ရယ်ရတယ်နော်။ ဟောဒီက မိရွှေစင်တို့ကလည်း အိမ်ပေါ်ကဆင်းပြီး အိမ်ပေါ်ပြန်တက်ဖို့ ဒူးထောက်တောင်းပန်ပြီး မျက်ရည်စထိုးမယ့် မိန်းမစားမဟုတ်ဘူးဆိုတာလည်း ရှင် . . . မြဲမြဲမှတ်ထားပါ"

"အေးပါ . . . အေးပါ အပြောနဲ့ အလုပ် ညီသလား၊ မညီသလားဆိုတာကို စောင့်ကြည့်ကြ သေးတာပေါ့ကွာ"

ရွှေစင် သူ့သဘောနှင့် သူ အိမ်ပေါ်မှဆင်းသွားချေပြီ။ ရွှေစင်မရှိသည့် ညများ တွင် ကျွန်တော့် မှာ အထီးကျန်သလို ခံစားရသည်။ မင်္ဂလာဦးစုံတွဲ ဓာတ်ပုံလေးကိုကြည့်ပြီး ကျွန်တော် သူ့ကို လွမ်းနေမိသည်။ သို့ သော် လည်း သူ၏ လုပ်ရပ်များ ကိုတော့ ကျွန်တော် အခုချိန်ထိ ခွင့်မလွှတ်နိုင် သေးပါ။

ငွေဆိုတာ အချိန်မရွေး ပြန်ရှာ၍ ရနိုင်သည်က မှန်သည်။

သို့ သော် လည်း မှန်ကန်သော အသိတရားတစ်ခု အတွေ းအခေါ်တစ်ခုရဖို့ ကတော့ အချိန်မရွေး ပြန်ရှာ၍ မရနိုင်သလို ငွေဖြင့် ပေးဝယ်၍ မရနိုင်ဘူးဆိုတာတော့ ရွှေစင် သိသင့်သည်။ လင်ယောကျ်ား ရှာသမျှဇနီးမယား သုံးပိုင်ခွင့် ဖြုန်းပိုင်ခွင့်ရှိသည်ကလည်း မှန်သည်။ သို့ ပေမဲ့ စည်းကမ်းတကျ နည်းမှန်လမ်းမှန် မှန်ကန်စွာ သုံးစွဲခြင်းမျိုးတော့

ဖြစ်သင့်သည်။ ကျွန်တော် ရွှေစင်ကို အသုံးစရိတ်မပေးရင်တော့ ထားတော့။ သူ သီးသန့်သုံးစွဲရန် တစ်လအသုံးစရိတ် တစ်သိန်းတိတိ ပေးထားတာတောင် လောက်ငအောင် မသုံးတတ်တာတော့ ကျွန်တော် လည်း မတတ်နိုင်ပါ။

ရွှေစင် တော် တော် ကို အသုံးအစွဲ ကြီးလွန်းသည်။

ရွှေစင်အိမ်ပေါ်မှဆင်းသွားကတည်းက ကျွန်တော် ညည အိပ်မပျော်။ ရွှေစင်အကြောင်းများ ကို စဉ်းစားရင်းနှင့် ပင် ညတိုင်းနီးပါး မိုးလင်းခဲ့သည်။ အိပ်မပျော်လွန်းသော ညများ တွင် အိပ်ဆေး များ ကို အဖော်ပြု၍ အိပ်နေရသည်။ ကျွန်တော် ကလည်း ရွှေစင် အိမ်သို့ ပြန်လာရန်လည်း လိုက်မခေါ် ဖြစ်။ ပြန်ခေါ်ရန်လည်း အစီအစဉ်မရှိ။ အိမ်ထောင်သက် (၅) နှစ် ရှိသည့်တိုင် ရွှေစင်၏ အပြုအမူများ ကို ပြန်လည်စဉ်းစားမိတိုင်း အိမ်ပြန်ခေါ်ချင်စိတ် တစ်စက်ကလေးမျှ ကျွန်တော့် မှာ မရှိ။

•••

- ၆ -

"အစ်ကို့ကို ကြည့်နေတာ သက်ပြင်းတွေ ခဏခဏချလို့ပါလား၊ အလုပ်လုပ်ရတာ စိတ်မပါ ဘူးထင်တယ်"

မောင်ဉာဏ်ပြောမှပဲ ကျွန်တော့် ကိုယ် ကျွန်တော် သတိထား၍ ကြည့်မိသည်။

ကျွန်တော် တကယ်ပဲ သက်ပြင်းတွေ ခဏခဏချလို့ နေပါလား။ ဒါကြောင့် ကွန်ပျူတာ စာစီတဲ့နေရာမှာ ခဏခဏ စာလုံးပေါင်းတွေ မှာ းနေတာကိုး။

"ဟုတ်တယ် မောင်ဉာဏ်ရာ၊ ဒီနေ့ အလုပ်လုပ်ရတာ သိပ်စိတ်မပါဘူး၊ အစ်ကို့မှာ စိတ်ညစ် စရာတွေ ၊ စိတ်ရှုပ်စရာတွေ ရှိနေတော့၊ အစ်ကို အလုပ်ထဲကို စိတ်နှစ် လို့မရဘူး ဖြစ်နေတယ်ကွာ"

"အစ်ကို စိတ်မပါရင်လည်း အိမ်ပြန်ပြီး နားပါတော့လား . . . ကျွန်တော် တို့

စာစီစရာရှိတာ တွေ ကို ဆက်ပြီး လုပ်လိုက်ပါ့မယ်"

"ဖြစ်ပါ့မလား . . . လကုန်ခါနီး ဆိုတော့ အပ်ရမယ့် စာမူတွေ က အများ ကြီး၊ မင်းတို့ချည်းပဲ အချိန်မီ ပြီးစီးပါ့မလား"

"ပြီးပါတယ်ဗျာ၊ ဒီမှာ ကိုးယောက် တောင်ရှိတာ၊ စာရိုက်စရာရှိတာတွေ မပြီးစီးရင် အိမ်မပြန် ဘဲကို လုပ်မယ်ဗျာ၊ စိတ်ချလက်ချသာ အိမ်ပြန်စမ်းပါ အစ်ကိုရာ . . . "

"အေးပါကွာ၊ ဒါဆိုလည်း အစ်ကို အိမ်ပြန်နားတော့မယ် . . . ကိစ္စရှိရင် အစ်ကို့ကို ဖုန်းဆက်လိုက်"

ထိုနေ့မှစ၍ ကျွန်တော် လည်း အလုပ်လုပ်ရတာ ၊ စိတ်မပါ၍ ကွန်ပျူတာဆိုင်ရှိ အလုပ် အားလုံးကို မောင်ဉာဏ်နှင့် အလုပ်သမားများ ကို စိတ်ချလက်ချ လွှဲအပ်ထားခဲ့ပြီး၊ တိုက်ခန်းတွင် အေးအေးဆေးဆေး အနားယူ၍ နေသည်။

ကွန်ပျူတာဆိုင်ကို အလုပ်မသွားသည်မှာ တစ်ပတ်ခန့်ရှိပြီ။ ညနေခင်းအချိန်တွင် အမှတ်မထင် တိုက်ခန်းတံခါးခေါက်သံ ကြားရသဖြင့် ကျွန်တော့်၏ မသိစိတ်က ရွှေစင် ပြန်လာ သည်ဟု ထင်ပြီး၊ ဖတ်လက်စ ဆရာကြီးတက္ကသိုလ်စိန်တင် ရေး သားသော ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်၏ အတ္ထုပ္ပတ္တိစာအုပ်ကို လက်မှချကာ၊ အခန်းတံခါးကို အမြန်ပြေး၍ ဖွင့်ကြည့်မိသည်။

ကျွန်တော့် အထင်နှင့် အမြင် တခြားစီ။

ကျွန်တော် မသိသော လူကြီး တစ်ယောက် ကျွန်တော့် ဆီသို့ ရောက်ရှိလာသည်။ ထိုလူကြီးကို ကျွန်တော် မသိ။

ဧည့်ခန်းမှာ နေရာထိုင်ခင်းပေးပြီး အကျိုးသင့် အကြောင်းသင့်မေးမြန်းကြည့်တော့မှ ကွာရှင်းစာချုပ်တွင် လက်မှတ်ထိုးရန် ရွှေစင် လွှတ်လိုက်သည့် အကျိုးတော် ဆောင်ရှေ့နေကြီး တစ်ဦး ဖြစ်နေ၏ ။

ကျွန်တော် အံ့ဩမိပါသည်။

အပြစ်လုပ်သူက မတောင်းပန်။ အိမ်ထောင်တစ်ခုကို လွယ်လွယ်နှင့် ပြိုကွဲဖို့ ဆုံးဖြတ်ချက် ရဲရဲကြီး ချရဲသည့် ရွှေစင့်သတ္တိကိုတော့ ကျွန်တော် ချီးကျူး မိသည်။ မြန်မာ့လူ့ဘောင်လောကတွင် အိမ်ထောင်ပျက်၊ တစ်ခုလပ် မိန်းမ တစ်ယောက် တစ်ဦးတည်းရပ်တည်နိုင်ဖို့ကလည်း မတင့်တယ် ဘူးဆိုတာတော့ ရွှေစင် သိသင့်သည်။

တစ်ဦးနှင့် တစ်ဦး ချစ်ခင်နှစ်သက် ကြလို့ အိမ်ထောင်ပြုခဲ့ကြတာ . . . အခုလို ပြို ကွဲကြဖို့မှ မဟုတ်ဘဲ။

ကျွန်တော် လည်း ရွှေစင်၏ ဆုံးဖြတ်ချက် မှန်သည် မှား သည်ကိုလည်း မစဉ်းစားချင် . . . မဝေဖန်ချင် . . .။

ရွှေစင် သဘောဆန္ဒရှိသည့်အတိုင်း ကွာရှင်းစာချုပ်တွင် ကျွန်တော် လက်မှတ်ရေး ထိုးပေး လိုက်သည်။

ရွှေစင်သည် ဥပဒေအရ ကျွန်တော့် ဇနီးမယားမဟုတ်တော့ပေမဲ့ ကျွန်တော့် နှလုံးသားထဲ အသည်းထဲ ခန္ဓာကိုယ်ထဲမှာ တော့ ရွှေစင်သည် ကျွန်တော့် ဘဝ၏ တစ်ဦးတည်းသော ထာဝရ ဇနီးမယားပါ။

•••

- ၇ -

ဖေဖေ၊ မေမေနှင့် ကျွန်တော် ၏ တစ်ဦးတည်းသော ယောက္ခမကြီးအမေချိုတို့ ကျွန်တော့် တိုက်ခန်းတွင် စုံညီစွာ ရောက်ရှိနေကြသည်။ ယောက္ခမကြီးအမေချိုက ဖေဖေ မေမေနှင့် ကျွန်တော့် အား သူ၏ သမီး ရွှေစင်မှား သည့် အမှား များ အတွက် အနူးအညွတ် တောင်းပန်ရှာသည်။ ကျွန်တော် လည်း စကားတစ်ခွန်းမှမပြောဘဲ တေမိမင်းသား လုပ်နေမိသည်။ ကျွန်တော် ထိုင်ရာမှ ထသွားမည် အပြုတွင် အမေချိုသည် ရုတ်တရက် ကျွန်တော့်၏ ပခုံးနှစ် ဖက်အား ကိုင်၍ ချုံးပွဲချ ငိုပါတော့သည်။

"မောင်မိုးရယ် . . . "

"အမေချို့ရဲ့ သမီး မိရွှေစင် အမိုက်မ . . . မိန်းမ မပီသတာကို အမေချို့ ကောင်းကောင်းကြီး သိပါတယ်၊ အမေချို့မှာ သမီးအိမ်ပေါ်ကဆင်းလာတာလည်း မသိ၊ ယောကျ်ားလုပ်သူနဲ့ ကွာရှင်း စာချုပ် လက်မှတ်ထိုးလာတာလည်း မသိ စင်ကာပူကအပြန် ခရီးရောက်မဆိုက် အိမ်ဖော်လုပ်သူ ပြောပြမှသိရတဲ့အ ဖြစ်မို့ အမေချို့ ရင်နာလိုက်တာကွယ်"

"လူကြီးတွေ ပြောနေကြတဲ့ သမီး တစ်ယောက် မလိမ္မာရင် နွားတစ်ထောင် ထိန်းရတာ ထက် ပိုခက်တယ်ဆိုတဲ့စကားက အမေချို့အတွက် အရမ်းမှန်တာပဲကွယ်" ဟု ပြောပြောပြီး ရင်ဘတ်ကိုထု၍ ရှိုက်ကြီးတငင် ငိုနေရှာသည်။

ယောက္ခမကြီး အမေချို့ ငိုနေတာကို မေမေလည်း ထိုင်၍ မကြည့်နိုင်။ မေမေထိုင်ရာမှထပြီး နှစ် သိမ့်စကား ဆိုလိုက်သည်။

"မမချို့ရယ် . . . "

"မငိုပါနဲ့တော့ရှင်။ အရမ်းပင်ပန်းပါတယ် မမချို့ရယ်။ ဖြစ်ပြီးသမျှကိစ္စတွေ က ဖြစ်ပြီးသွား ပြီပဲ။ ကလေးတွေ ကိစ္စကို ကျွန်မတို့မိဘတွေ ဝိုင်းပြီး အကောင်းဆုံးစဉ်းစားပေးကြတာပေါ့ရှင်"

ရွှေစင်နှင့် ပြန်ပေါင်းရန် ဖေဖေ၊ မေမေနှင့် ယောက္ခမကြီး အမေချို့တို့ ကျွန်တော် ကို အမျိုးမျိုး ဖျောင်းဖျကြသည်။ အမေချို့ကလည်း သူ့သမီး မိရွှေစင် ဖဲရှုံး၍ သုံးဖြု န်းပစ်လိုက်သည့် သိန်း (၅၀) ကို အစားပြန်ပေးမည် ။ ရွှေစင်နှင့် ပြန်ပေါင်းရန် တိုက်တွန်းကြသည်။ ကာယကံရှင် ရွှေစင် ကတော့ အခုချိန်ထိ ကျွန်တော့် ရှေ့မှာ ပေါ်မလာ။ ကျွန်တော် လည်း ဘယ်သူ ဖျောင်းဖျမှု ကိုမှ နားမဝင် တော့။ ကိုယ်ပိုင်ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချလိုက်သည်။

ကျွန်တော် သည် ရွှေစင်နှင့် ပြန်မပေါင်းချင်တော့ပါ။ ဘယ်သူမှ ဖျောင်းဖျ၍ မရကြသည့် အဆုံးတွင် အားလုံးလက်လျှော့၍ ကျွန်တော့်၏ သဘောဆန္ဒအတိုင်း ဆုံးဖြတ်ခွင့်ပြုလိုက်သည်။ ကျွန်တော် ရွှေစင်ကို မေတ္တာစစ် မေတ္တာမှန်ဖြင့်

တကယ်ချစ်ခဲ့သည်။ ကျွန်တော့် ဘဝတွင် ရွှေစင် တစ်ယောက် ကိုသာ စွဲစွဲလမ်းလမ်း ချစ်ခဲ့မိသည်။ တကယ်ချစ်ခဲ့၍ လည်း သူ၏ ဆိုးနွဲ့သမျှ၊ သူ၏ မသိတတ်သမျှ၊ သူ မိန်းမမပီသမှုကို အိမ်ထောင်သက် (၅) နှစ် အတွင်း ခွင့်လွှတ်သည်းခံ၍ ပေါင်းသင်းနေထိုင်ခဲ့သည်။

အခုတော့ ကျွန်တော့်မှာ ခွင့်လွှတ်သည်းခံနိုင်မှု စွမ်းရည် မရှိတော့ . . .။

လင်ယောကျ်ားကောင်းတစ်ဦး၏ တန်ဖိုးကို မသိတတ်။ တန်ဖိုးမထားတတ်သော မိန်းမ သူ့ထိုက်နဲ့သူ့ကံသာ ရှိပါစေတော့။

သို့ ပေမဲ့လည်း ကျွန်တော် နောက်အိမ်ထောင်တော့ မပြု။ ကျွန်တော် ၏ ဇနီး ရွှေစင်နေရာ တွင် ရွှေစင်မှလွဲ၍ တခြားမည် သူတစ်ဦး တစ်ယောက် ကိုမှ အစားထိုးရန်လည်း စိတ်ကူးမရှိ။ အစီအစဉ်လည်း မရှိ။ သူနှင့် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့သည့် တိုက်ခန်းမှလည်း ဘယ်တော့မှ မပြောင်းပါ။

ကျွန်တော့်အချစ်၏ တန်ဖိုး၊ လင်ယောကျ်ားကောင်းတစ်ဦး၏ တန်ဖိုး၊ ကျွန်တော် ၏ စေတနာ တွေ ကို သူသိလာသော အချိန်၊ တန်ဖိုးထားတတ်သော အချိန်၊ အိမ်ထောင်ရှင်မကောင်း ပီသလာတဲ့ အချိန်၊ မိခင်စိတ်ဓာတ်ပြည့်ဝလာတဲ့အချိန်မှာ ရွှေစင် ကျွန်တော့်ရင်ခွင်ကို ပြန်လာမယ်ဆိုရင်တော့၊ ကျွန်တော့် နှလုံးသားတံခါး အမြဲဖွင့်၍ ရွှေစင်ကို ကျွန်တော် ကြိုဆိုနေမည် ။

အကယ်၍ ကျွန်တော် မျှော်လင့်သလို၊ မျှော်မှန်းသလို ဖြစ်မလာခဲ့ရင်တော့ . . .။

ကျွန်တော့် ဘဝနေဝင်ချိန်ထိ တစ်ကိုယ်တည်း တစ်ယောက် တည်း ဖြတ်သန်းတော့မည် ။ မိန်းမ မပီသသော မိန်းမ တစ်ယောက် အတွက်နှင့် ချင်ခင်နှစ်သက် နေလျက်ဖြင့် အခုလိုစွန့်လွှတ်ခဲ့ မိတာ . . .

စာပေချစ်ပရိသတ်ကြီးရယ် . . . ကျွန်တော် မှား‌လား . . .

ဆက်လက် ကြိုး စားပါဦးမည် ။

ရဲမာန်သွေး

မဂ္ဂဇင်းတစ်စောင်တွင် ပထမဦးဆုံး ပုံနှိပ်ဖော်ပြခံရသည့် ရဲမာန်သွေး၏ ဝတ္ထု တိုကို အောင်မျိုးမင်းနှင့် မျိုးဝင်းဇော်တို့သည် စိတ်ဝင်တစား နှစ် ယောက် အတူတူ ဖတ်ကြည့်နေကြသည်။ ထို့နောက် မဂ္ဂဇင်းစာအုပ်ကို အနီးရှိစားပွဲပေါ်သို့ တင်လိုက်သည်။ ဝတ္ထုတိုအပေါ်တွင် သူတို့ နှစ် ယောက် ပေးမည့် မှတ်ချက်များ ကို ရဲမာန်သွေးသည် ရင်ခုန်စွာဖြင့် စောင့်မျှော်နေမိသည်။ အကောင်းကို ဝေဖန်မည် လား။

ဆိုးဆိုးဝါးဝါးကြီး ဝေဖန်မည် လားကို ရဲမာန်သွေး သိချင်လှပြီ။

ဝတ္ထုတိုနှင့် ပတ်သက်ပြီး ပထမဦးဆုံး မှတ်ချက်ပေးသူက မျိုးဝင်းဇော် (ခေါ်) ကရင်ကြီး။

"ကိုရဲမာန် ဝတ္ထုတိုက ဆွဲဆောင်မှု ရှိပါတယ်။ ဇာတ်လမ်း အချိတ်အဆက်လည်း တစ်ခုနဲ့ တစ်ခု အချိတ်အဆက်မိတယ်။ အတွေ းလေးလည်း ကောင်းတယ်"

"ဖတ်လို့လည်း ကောင်းတယ်။ အရေး အသားလည်း ညက်တယ်"

"စာဖတ်ပရိတ်သကို မေးခွန်းလေး မေးထားတာကလည်း ဆန်းတယ်။ ပေါ့ပေါ့ပါးပါးလေး။ ကိုရဲမာန် ဒီအတိုင်းသာဆက်ပြီး ကြိုး စား။ ကျွန်တော့် အမြင် ကတော့ . . . ဒီဝတ္ထုနဲ့တင် ကိုရဲမာန် စာရေး ဆရာ ဖြစ်သွားပြီ"

ကရင်ကြီး၏ စကားသံကို ကြားလိုက်ရတော့ ရဲမာန်သွေးသည် ပုထုဇဉ်ပီပီ အတော့် ကို ဝမ်းသာပီတိ ဖြစ်မိသည်။ အောင်မျိုးမင်း၏ သုံးသပ်ချက်ကို ကြားရပြန်တော့လည်း မရိုးမရွ မအီမသာ ဖြစ်မိသည်။ အောင်မျိုးမင်း၏ ဝေဖန်မှု က အကောင်းလည်း မဟုတ်။ အဆိုးလည်း မဟုတ်။

"ဟော့ကောင် . . . ကရင်ကြီး မင်း မြှောက်ပြောမနေနဲ့။ ငါ့အမြင် ကတော့၊ ဒီဝတ္ထု ကို ရေး တဲ့သူလည်း မှာ းတယ်။ ဝတ္ထုထဲက ဇာတ်ကောင်တွေ လည်း မှာ းတယ်။ ဒီဝတ္ထုကို နေရာပေးပြီး ဖော်ပြပေးတဲ့ အယ်ဒီတာလည်း မှာ းတယ်။ နောက်ပြီး ဒီဝတ္ထုကို ဖတ်မိတဲ့

ငါတို့ကိုယ်တိုင်လည်း မှာ းတယ်ကွာ . . . "

"မင်းရတဲ့ စာမူခနဲ့ ငါ့ကို ဘီယာလိုက်တိုက်ရင်တော့ မင်းဝတ္ထုကို ကောင်းတယ်လို့ ပြောပေးမယ်"

"ဘယ့်နှယ်လည်း ရဲမာန်"

ရဲမာန်သွေး လက်ကာပြလိုက်သည်။

"မင်း မချိုးမွမ်းချင်ရင်လည်းနေပါ အောင်မျိုးရာ"

"ငါရတဲ့ စာမူခနဲ့ မင်းကို ဘီယာလည်း မတိုက်နိုင်ဘူး။ ပထမဦးဆုံးရတဲ့ စာမူခကို ဘုရားလှူဖို့ ဆုံးဖြတ်ထားတယ်။ ဒီနေ့ ဈေးထွက်ဖို့ နောက်ကျတော့မယ်။ ဝတ္ထုကိစ္စကို ဈေးသိမ်းပြီး အိမ်ပြန်လာမှ ဆက်ပြောကြမယ်။ ဈေးထွက်ဖို့ အချိန်ရောက်နေပြီ။ ငါ ဈေးရောင်းသွားလိုက် ဦးမယ်"

•••